# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ မှ | ထိ |
|---|---|---|---|
| ၁။ | နိဒါန်း | ၁ | |
| ၂။ | ကော်ဖီထုတ်လုပ်မှုနှင့်ပတ်သက်သည့် အဓိကအချက်အလက်များ | ၁ | ၇ |
| ၃။ | ကမ္ဘာ့ကော်ဖီ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ | ၇ | ၈ |
| ၄။ | ကမ္ဘာ့ကော်ဖီ စားသုံးမှုအခြေအနေ | ၉ | |
| ၅။ | ကမ္ဘာ့ကော်ဖီ တင်ပို့မှုအခြေအနေ | ၁၀ | |
| ၆။ | ကမ္ဘာ့ကော်ဖီ တင်သွင်းမှုအခြေအနေ | ၁၀ | ၁၁ |
| ၇။ | ကမ္ဘာ့ကော်ဖီ လအလိုက်ဈေးနှုန်းများ အခြေအနေ | ၁၁ | ၁၃ |
| ၈။ | မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု | ၁၃ | ၁၆ |
| ၉။ | မြန်မာနိုင်ငံ၏ ကော်ဖီပြည်ပတင်ပို့မှု | ၁၇ | ၂၁ |
| ၁၀။ | ပြည်တွင်းစားသုံးမှုအခြေအနေ | ၂၂ | ၂၉ |
| ၁၁။ | မြန်မာ့ကော်ဖီဈေးကွက်အလားအလာ | ၂၉ | ၃၁ |
| ၁၂။ | အနာဂတ်ကော်ဖီဈေးကွက်အလားအလာ | ၃၁ | ၃၉ |
| ၁၃။ | မြန်မာနိုင်ငံကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၏ အခွင့် အလမ်းများနှင့် အခက်အခဲများ | ၃၉ | ၄၂ |
| ၁၄။ | ကန့်သတ်ချက်များနှင့်ဖြစ်နိုင်ချေရှိသောဖြေရှင်းမှုများ | ၄၃ | |

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁၅။ | နည်းပညာ နှင့် အခြေခံအဆောက်အအုံများ | ၄၃ | ၄၄ |
| ၁၆။ | အသေးစားထုတ်လုပ်မှုများ | ၄၄ | ၄၅ |
| ၁၇။ | တန်ဖိုးကွင်းဆက်များ | ၄၅ | ၄၆ |
| ၁၈။ | ယှဉ်ပြိုင်မှု နှင့် ပို့ကုန် | ၄၆ | |
| ၁၉။ | အရည်အသွေး | ၄၆ | ၄၇ |
| ၂၀။ | ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ | ၄၇ | ၄၈ |
| ၂၁။ | စည်းမျဉ်း | ၄၈ | ၅၀ |

# ကော်ဖီ

## နိဒါန်း

၁။ ကော်ဖီသည် ကမ္ဘာတစ်ဝန်း၌ လူကြိုက်အများဆုံး အဖျော်ယမကာတစ်မျိုး ဖြစ်ပါသည်။ ကဖိန်းဓာတ်ပါဝင်မှု ပိုများသောကြောင့် အခြားသော သဘာဝထုတ်ကုန်များဖြစ်သည့် လက်ဖက်ရည်နှင့် ကိုကိုးတို့ထက်ပို၍ ကော်ဖီကို လူကြိုက်များလေ့ရှိပါသည်။ လွန်ခဲ့သော ရာစုနှစ်ပေါင်းများစွာက အီသီယိုးပီးယားကုန်းမြင့်၌ ကော်ဖီတောများမှ ရှာဖွေတွေ့ရှိခဲ့သော်လည်း နောက်ပိုင်း၌ အာဖရိက၊ အာရှနှင့် လက်တင်အမေရိကရှိ အပူပိုင်းနိုင်ငံများတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်ပြီး တင်ပို့ရောင်းချလာခဲ့ပါသည်။

၂။ ကော်ဖီထုတ်လုပ်မှုအပေါ် မူတည်၍ ဘရာဇီးလ်နှင့် ဗီယက်နမ်ကဲ့သို နိုင်ငံများသည် ထုတ်လုပ်မှုပမာဏနှင့်သင့်လျော်သော ကော်ဖီစိုက်ပျိုးမှု အခြေအနေများအရ ကော်ဖီထုတ်လုပ်မှု အမြင့်ဆုံးနိုင်ငံများ ဖြစ်ပါသည်။ ဘရာဇီးလ်နိုင်ငံသည် ကမ္ဘာတစ်ဝန်း ကော်ဖီထုတ်လုပ်မှုအများဆုံးဖြစ်ကာ ကော်ဖီစေ့ (စိမ်း) မက်ထရစ်တန် ၃.၆ ဘီလီယံ ထုတ်လုပ်ပြီး ဗီယက်နမ်၊ ကိုလံဘီယာ၊ အင်ဒိုနီးရှားနှင့် အီသီယိုးပီးယားနိုင်ငံတို့က အသီးသီးရပ်တည်လျက်ရှိကြသည်။

## ကော်ဖီထုတ်လုပ်မှုနှင့်ပတ်သက်သည့် အဓိကအချက်အလက်များ

၃။ ကော်ဖီထုတ်လုပ်မှုနှင့်ပတ်သက်သည့် တစ်ဖက်ပါအတိုင်း အဓိကအချက် ၅ ချက် ရှိပါသည် -

(က) ကော်ဖီစေ့သည် ကမ္ဘာပေါ်တွင် ဒုတိယကုန်သွယ်မအများဆုံးဖြစ်သည်။ ကော်ဖီစေ့သည် ခါတ်ဆီပြီးလျင် ကမ္ဘာ့ဈေးကွက်၌ ကုန်သွယ်မအများဆုံးကုန်စည်ဖြစ်ပါသည်။ ကော်ဖီ စိုက်ပျိုးထုတ်လုပ်မသည် ကမ္ဘာ့တောင်ဘက်ပိုင်းရှိ နိုင်ငံများတွင် ပြုလုပ်ပြီး ကုန်ချောပြုလုပ်ခြင်းနှင့် ဈေးကွက်တင်ပိုရောင်းချခြင်းကို ကမ္ဘာ့မြောက်ပိုင်းရှိ နိုင်ငံများမှ အများစုလုပ်ကိုင်ခြင်းဖြင့် ကော်ဖီကုန်သွယ်မသည် ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ် ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မ၏ သိသာသော အမှတ်လက္ခဏာတစ်ခု ဖြစ်နေပါသည်။ ၂၀၀၀ ပြည့်နှစ်မှစ၍ ကမ္ဘာ့ကော်ဖီ ထုတ်လုပ်မသိသိသာသာ တိုးတက်လာခဲ့ရာ ယနေ့အချိန်တွင် တစ်နှစ်လျှင် ကော်ဖီအိတ်ပေါင်း သန်း ၁၅၀ (တန်ချိန်အားဖြင့် ၉ သန်းကျော်) ထုတ်လုပ်လျက်ရှိပါသည်။ ၁၉၉၆ ခုနှစ် မှ ၂၀၁၁ ခုနှစ် အထိ နှစ်စဉ် စုစုပေါင်းထုတ်လုပ်မတန်ချိန် ၆.၅ သန်းအနက် တန်ချိန် ၅ သန်းကို ကမ္ဘာတစ်လွှားသို့ တင်ပိုရောင်းချပါသည်။

(ခ) ကမ္ဘာတစ်လွှားမှ တောင်သူ ၂၅ သန်းကျော် ကော်ဖီထုတ်လုပ်မတွင် ပါဝင်သည်။ အစောပိုင်း

တွင် ယီမင်နှင့် အီသီယိုးပီးယားနိုင်ငံတို့မှ ထွက်ရှိသော ကော်ဖီကို လက်ရှိအချိန်၌ အပူပိုင်းဒေသရှိ နိုင်ငံပေါင်း ၅၀ ကျော်တွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကြည့်လျှင် လူဦးရေ ၂၅ သန်းခန့်မှာ ကော်ဖီစိုက်ပျိုးထုတ်လုပ်မနှင့် တိုက်ရိုက်ဆက်စပ်ပြီး အသက်မွေးဝမ်းကျောင်းပြုနေကြသည်ဟု ဆိုသော်လည်း လူဦးရေသန်း ၁၀၀ ခန့်မှာ ကော်ဖီစိုက်ပျိုးရေးကဏ္ဍတွင် ပါဝင်လျက်ရှိပါသည်။ ထို့ပြင် ၇၀ ရာခိုင်နှုန်းသော လယ်သမားများကိုလည်း စိုက်ပျိုးမြေဟက်တာ ၁၀ ခန့်သာ ပိုင်ဆိုင်သည့် မြေပိုင်ရှင်အသေးစားများမှ ချုပ်ကိုင်ထားပါသည်။ လက်တင်အမေရိက၊ အာဖရိကနှင့် အာရှတို့တွင် စိုက်ပျိုးထုတ်လုပ်သည့် ကော်ဖီကို အမေရိကန်၊ ဥရောပနှင့် ဂျပန်နိုင်ငံတို့က အဓိကသောက်သုံးကြပါသည်။ ၁၉၉၀ ပြည့်လွန်အစောပိုင်းနှစ်တွင် အဆိုပါသုံးနိုင်ငံသည် ကမ္ဘာ့ကော်ဖီတင်ပို့ရောင်းချမှု၏ ၈၀ ရာခိုင်နှုန်းကျော်ကို တင်သွင်းကြပါသည်။

(ဂ) ကမ္ဘာ့ကော်ဖီထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းကို လက်တင်အမေရိကမှ ထုတ်လုပ်သည်။ ကမ္ဘာ့

ကော်ဖီ စိုက်ပျိုးထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းကို ထုတ်လုပ်သည့် လက်တင်အမေရိကသည်ကော်ဖီဈေးကွက်ကို လမ်းမိုးချုပ်ကိုင်ထားပြီး အာရှမှ ၂၀ ရာခိုင်နှုန်း၊ အာဖရိကမှ ၁၀ ရာခိုင်နှုန်း အသီးသီးပါဝင်ပါသည်။ ကော်ဖီသည် ကမ္ဘာ့တောင်ဘက်ပိုင်းရှိ နိုင်ငံအချို့တွင် အဓိကဝင်ငွေရလမ်းတစ်ခုဖြစ်ပါသည်။ ဥပမာ – ကော်ဖီသည် ဂွာတီမာလာ၊ ဘရာဇီးလ်နိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့၏ ကမ္ဘာ့ဈေးကွက်ဝင် ပြည်တွင်းထုတ်ကုန်၏ ၂၅ ရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်းကျော်နှင့် ၅၀ ရာခိုင်နှုန်းအဖြစ် အသီးသီး ပါဝင်လျက်ရှိပါသည်။ ၂၀၁၀ ပြည့်လွန်နှစ်များတွင် အမေရိကန်အလယ်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် ရာသီဥတုဆိုးရွားမှုနှင့် ရက်ပိုးကျခြင်းကဲ့သို့သော ရောဂါဖြစ်ပွားမှုကြောင့် ကော်ဖီအထွက်နှုန်း ကျဆင်းခဲ့သဖြင့် နိုင်ငံများ၏ စီးပွားရေးအပေါ် ထိခိုက်မှုများ ရှိခဲ့ပါသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကော်ဖီထုတ်လုပ်မှုအရကြည့်လျှင် ဘရာဇီးလ်သည် ထုတ်လုပ်မှုအများဆုံးနိုင်ငံဖြစ်သကဲ့သို့ အများဆုံးတင်ပို့ရောင်းချသည့် နိုင်ငံလည်း ဖြစ်ပါသည်။

(ဃ) ကော်ဖီသည် ရေပြီးလျှင် ဒုတိယသောက်သုံးမှုအများဆုံးအဖျော်ယမကာဖြစ်သည်။ ကမ္ဘာတစ်ဝှမ်းနေ့စဉ် ကော်ဖီသောက်သုံးမှုမှာ ခွက်ရေ ၂.၆ ဘီလီယံ ရှိသည်ဟု ခန့်မှန်းချက်တွင် ဖော်ပြထားသည်။ သောက်သုံးမှုအများဆုံးနိုင်ငံမှာ ဥရောပနိုင်ငံများဖြစ်ပြီး ဖင်လန်နိုင်ငံသည် လူတစ်ဦး၏ တစ်နှစ်လျှင် ကော်ဖီ ၁၂ ကီလို သောက်သုံးမှုဖြင့် ဦးဆောင်နေပြီး၊ ၉.၉ ကီလိုဖြင့် နော်ဝေးနိုင်ငံမှ ဒုတိယအဖြစ် ရပ်တည်လျက်ရှိပါသည်။ အဆင့် ၁၇ အဖြစ် ရပ်တည်နေသည့် ပြင်သစ်နိုင်ငံ၌ လူတစ်ဦးချင်း တစ်နှစ်ပတ်လုံး လက်ဖက်ရည် သောက်သုံးမှု ဝ.၂၅ ကီလိုရှိသော်လည်း ကော်ဖီသောက်သုံးမှုမှာ ၅.၄ ကီလိုရှိပါသည်။ ပြီးခဲ့သော ဆယ်စုနှစ် အနည်းငယ်အတွင်း ဂျပန်နိုင်ငံ၌ ကော်ဖီသောက်သုံးမှု သိသိသာသာမြင့်တက်ခဲ့ပြီး ၁၉၉ဝ နှင့် ၂ဝ၁ဝ ကြားကာလအတွင်း လူတစ်ဦးချင်း သောက်သုံးမှုပမာဏ ၃ဝ ရာခိုင်နှုန်း မြင့်တက်သွားခြင်း ဖြစ်ပါသည်။

(င) ၂ဝ၂၆ ခုနှစ်တွင် ကမ္ဘာ့အော်ဂဲန်နစ် ကော်ဖီဝယ်လိုအား နှစ်ဆခန့်မြင့် တက်လာနိုင်သည်။

ဈေးကွက်ပမာဏအားဖြင့် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆.၈ ဘီလီယံခန့် ရှိခဲ့သည့် အော်ဂဲန်နစ်ကော်ဖီသည် ၂၀၂၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂.၆ ဘီလီယံ ရှိလာမည်ဟု ခန့်မှန်းထားပါသည်။ ကမ္ဘာ့ကော်ဖီထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းရှိသည့် Arabica ကော်ဖီမျိုးကွဲများ ၄၀ ရာခိုင်နှုန်း ရှိသည့် Robusta နှင့် ယှဉ်လျှင် အော်ဂဲန်နစ် ကော်ဖီဈေးကွက်ကို လွှမ်းမိုးချုပ်ကိုင်သွားနိုင်ပါသည်။ ကော်ဖီသောက်သုံးခြင်းကြောင့် ရရှိနိုင်မည့် ကျန်းမာရေးဆိုင်ရာ အကျိုးရလဒ်များ ( ဥပမာ – ကော်ဖီ သောက်သုံးခြင်းကြောင့်ကို လက်စထေရာ ကျဆင်းစေခြင်း၊ ကိုယ်ခံစွမ်းအား မြှင့်တင်ပေးခြင်း၊ အာရုံကြောဆိုင်ရာရောဂါများ ကာကွယ်ပေးခြင်း) နှင့်အတူ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသည့် ထုတ်ကုန်များကို ရွေးချယ်အသုံးပြုသည့် စားသုံးမပုံစံပြောင်းလဲလာခြင်းကြောင့် ကမ္ဘာ့ဈေးကွက်တွင် အော်ဂဲန်နစ်ကော်ဖီ ဝယ်လိုအားမြင့်တက်လာနိုင်ခြင်း ဖြစ်လာနိုင်ပါသည်။

၄။ ကော်ဖီထုတ်လုပ်မအပေါ်မူတည်၍ ဘရာဇီးလ်နှင့် ဗီယက်နမ်ကဲ့သို့နိုင်ငံများသည် ထုတ်လုပ်မပမာဏနှင့် သင့်လျော်သော ကော်ဖီစိုက်ပျိုးမ အခြေအနေများအရ ကော်ဖီထုတ်လုပ်မ အမြင့်ဆုံးနိုင်ငံများ ဖြစ်ပါသည်။ ဘရာဇီးလ်နိုင်ငံသည် ကမ္ဘာတစ်ဝန်း ကော်ဖီထုတ်လုပ်မအများဆုံးဖြစ်ကာ ကော်ဖီစေ့ (စိမ်း) မက်ထရစ်တန် ၃.၆ ဘီလီယံ ထုတ်လုပ်ပြီး ၎င်းနောက်တွင် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် အီသီယိုးပီးယားနိုင်ငံတို့က အသီးသီးရပ်တည်လျက်ရှိကြသည်။

**ကမ္ဘာ့ကော်ဖီ စိုက်ပျိုးထုတ်လုပ်မ အခြေအနေ**

၅။ ၂၀၂၀-၂၀၂၁ခုနှစ်မှ၂၀၂၄-၂၀၂၅ခုနှစ်(ဇွန်လ)အထိ ကမ္ဘာ့ကော်ဖီစိုက်ပျိုးထုတ်လုပ်မအခြေအနေဇယားအရ ဘရာဇီး(လ်) နိုင်ငံသည် ကော်ဖီအများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး၊ ဗီယက်နမ် နိုင်ငံနှင့် ကိုလံဘီယာနိုင်ငံတို့သည် ဒုတိယနှင့် တတိယကော်ဖီ အများဆုံးထုတ်လုပ်သည့်နိုင်ငံများ ဖြစ်ကြပါသည်။

# ကမ္ဘာ့ကော်ဖီ စိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံများ

**Thousand 60 - Kilogram Bags**

| စဉ် | နိုင်ငံ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ | ၂၀၂၄-၂၀၂၅ (ဇွန်လအထိ) |
|---|---|---|---|---|---|---|
| ၁ | Brazil | ၆၉၉၀၀ | ၅၈၁၀၀ | ၆၂၆၀၀ | ၆၆၃၀၀ | ၆၉၉၀၀ |
| ၂ | Vietnam | ၂၉၀၀၀ | ၃၁၅၈၀ | ၂၈၃၀၀ | ၂၇၅၀၀ | ၂၉၀၀၀ |
| ၃ | Colombia | ၁၃၄၀၀ | ၁၁၈၀၀ | ၁၀၇၀၀ | ၁၂၇၆၀ | ၁၂၄၀၀ |
| ၄ | Indonesia | ၁၀၇၀၀ | ၁၀၅၈၀ | ၁၀၇၀၀ | ၈၁၅၀ | ၁၀၉၀၀ |
| ၅ | Ethiopia | ၇၆၀၀ | ၈၁၅၀ | ၇၃၀၀ | ၈၆၀၀ | ၈၃၆၀ |
| ၆ | Uganda | ၆၆၃၀ | ၆၀၅၀ | ၆၅၆၅ | ၆၄၀၀ | ၆၄၀၀ |
| ၇ | India | ၅၅၆၇ | ၅၇၀၀ | ၅၈၆၇ | ၆၀၆၀ | ၆၀၀၀ |
| ၈ | Honduras | ၆၅၀၀ | ၄၈၀၀ | ၅၇၀၀ | ၅၀၀၀ | ၅၃၀၀ |
| ၉ | Peru | ၃၃၆၉ | ၄၂၀၀ | ၃၄၇၅ | ၄၀၀၀ | ၄၂၅၀ |
| ၁၀ | Mexico | ၃၅၃၀ | ၃၇၄၀ | ၃၅၄၅ | ၃၈၇၀ | ၃၉၀၀ |
| ၁၁ | Guatemala | ၃၉၃၀ | ၃၅၄၀ | ၃၂၇၀ | ၃၄၂၀ | ၃၁၂၀ |
| ၁၂ | Nicaragua | ၂၆၅၀ | ၂၈၃၈ | ၂၅၉၀ | ၂၃၆၀ | ၂၆၈၅ |
| ၁၃ | China | ၁၉၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၉၀၀ |
| ၁၄ | Malaysia | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၁၃၃၀ | ၁၅၀၀ |
| ၁၅ | Cote d'Ivoire | ၉၁၀ | ၁၁၁၀ | ၁၀၂၀ | ၁၃၂၅ | ၁၄၀၀ |
| ၁၆ | Tanzania | ၁၁၂၅ | ၁၂၀၀ | ၁၂၀၀ | ၁၃၅၀ | ၁၄၀၀ |
| ၁၇ | Costa Rica | ၁၄၇၂ | ၁၂၁၅ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၈ | Papua New | ၇၀၀ | ၇၇၅ | ၈၇၅ | ၉၈၀ | ၈၇၅ |
| ၁၉ | Kenya | ၆၉၃ | ၈၆၀ | ၇၅၀ | ၇၇၅ | ၇၅၀ |
| ၂၀ | Thailand | ၆၀၀ | ၆၅၀ | ၇၀၀ | ၇၅၀ | ၇၀၀ |
| ၂၁ | El Salvador | ၅၄၀ | ၆၀၀ | ၅၅၀ | ၅၀၀ | ၄၅၀ |
| ၂၂ | Venezuela | ၄၈၀ | ၅၀၀ | ၅၀၀ | ၅၀၀ | ၅၀၀ |
| ၂၃ | Laos | ၄၈၅ | ၃၈၅ | ၄၁၀ | ၄၃၀ | ၄၅၀ |
| ၂၄ | Philippines | ၄၂၅ | ၄၅၀ | ၄၇၅ | ၄၅၀ | ၄၅၀ |
| ၂၅ | Ecuador | ၂၅၅ | ၂၆၀ | ၃၅၄ | ၃၇၀ | ၃၅၅ |
| ၂၆ | Other | ၂၁၉၈ | ၂၁၇၂ | ၂၀၃၉ | ၁၉၂၄ | ၂၁၉၀ |
| | **Total** | **၁၇၆၅၅၉** | **၁၆၅၀၅၅** | **၁၆၄၃၈၅** | **၁၆၈၀၀၄** | **၁၇၆၂၃၅** |

https://www.fas.usda.gov/sites/default/files/2024-12/coffee.pdf

## ကမ္ဘာ့ကော်ဖီစားသုံးမှုအခြေအနေ

၆။ ၂၀၂၀ – ၂၀၂၁ ခုနှစ်မှ ၂၀၂၄–၂၀၂၅ခုနှစ်(ဇွန်လ)အထိ ကမ္ဘာ့ကော်ဖီ စားသုံးမအခြေအနေမှာ ဥရောပသမဂ (EU) နိုင်ငံ ဖြစ်ပြီး၊ အမေရိကန်ပြည်ထောင်စုနှင့် ဘရာဇီးလ်နိုင်ငံတို့သည် ဒုတိယနှင့် တတိယကော်ဖီအများဆုံး စားသုံးသည့်နိုင်ငံများ ဖြစ်ကြပါသည်။

### ကမ္ဘာ့ကော်ဖီစားသုံးသည့်နိုင်ငံများ

Thousand 60 – Kilogram Bags

| စဉ် | နိုင်ငံ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ | ၂၀၂၄-၂၀၂၅ (ဇွန်လအထိ |
|---|---|---|---|---|---|---|
| ၁ | European Union | ၄၁၂၇၁ | ၄၁၈၈၂ | ၄၄၅၂၂ | ၃၉၆၀၇ | ၄၁၈၀၀ |
| ၂ | United States | ၂၅၉၂၂ | ၂၆၇၀၈ | ၂၄၆၂၃ | ၂၃၅၅၀ | ၂၆၀၅၀ |
| ၃ | Brazil | ၂၂၂၈၀ | ၂၂၃၄၀ | ၂၂၄၅၀ | ၂၂၅၆၀ | ၂၂၆၇၀ |
| ၄ | Japan | ၇၃၅၄ | ၇၂၁၀ | ၆၈၈၆ | ၆၉၉၆ | ၇၃၀၀ |
| ၅ | Philippines | ၆၅၈၅ | ၇၁၉၀ | ၆၄၇၅ | ၆၅၀၀ | ၇၀၅၀ |
| ၆ | China | ၄၄၈၀ | ၄၉၂၀ | ၅၂၈၀ | ၅၇၆၅ | ၆၂၀၀ |
| ၇ | Canada | ၄၉၉၅ | ၅၃၃၀ | ၅၁၁၀ | ၄၉၈၀ | ၅၂၀၀ |
| ၈ | Indonesia | ၄၄၅၀ | ၄၇၅၀ | ၄၇၇၁ | ၄၇၇၅ | ၄၈၀၀ |
| ၉ | United Kingdom | ၂၉၅၅ | ၃၉၈၅ | ၃၉၈၀ | ၄၁၄၀ | ၄၀၅၀ |
| ၁၀ | Russia | ၄၁၆၅ | ၄၀၅၅ | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ |
| ၁၁ | Vietnam | ၂၇၂၀ | ၃၂၀၀ | ၃၂၀၀ | ၃၃၀၀ | ၃၆၀၀ |
| ၁၂ | Korea, South | ၂၉၉၅ | ၃၄၀၅ | ၃၁၇၅ | ၃၃၅၀ | ၃၂၇၅ |
| ၁၃ | Mexico | ၂၅၈၉ | ၂၈၅၀ | ၃၀၃၅ | ၃၁၉၀ | ၃၁၀၀ |
| ၁၄ | Ethiopia | ၃၀၀၀ | ၃၃၆၄ | ၃၄၃၀ | ၃၀၀၀ | ၃၅၅၀ |
| ၁၅ | Colombia | ၂၀၈၀ | ၂၁၄၅ | ၂၁၅၀ | ၂၂၇၈ | ၂၂၇၅ |
| ၁၆ | Australia | ၂၀၅၅ | ၂၃၀၅ | ၂၁၃၅ | ၂၀၉၀ | ၂၂၀၀ |
| ၁၇ | Algeria | ၂၂၄၀ | ၂၀၉၀ | ၂၀၅၀ | ၁၉၅၀ | ၁၉၅၀ |
| ၁၈ | Turkey | ၁၁၆၅ | ၁၂၈၅ | ၁၅၉၀ | ၁၅၄၅ | ၁၆၂၅ |
| ၁၉ | Saudi Arabia | ၁၂၀၀ | ၁၁၄၀ | ၁၃၈၀ | ၁၄၄၀ | ၁၃၅၀ |
| ၂၀ | Iran | ၄၂၅ | ၆၃၅ | ၇၇၀ | ၁၀၄၀ | ၁၀၀၀ |
| ၂၁ | Switzerland | ၁၁၈၀ | ၁၁၈၅ | ၁၁၆၀ | ၁၁၈၅ | ၁၁၀၀ |
| ၂၂ | Ukraine | ၁၂၃၅ | ၁၃၀၀ | ၁၀၉၀ | ၁၁၂၀ | ၁၁၂၀ |
| ၂၃ | India | ၁၁၈၀ | ၈၇၅ | ၉၀၀ | ၉၅၀ | ၁၃၂၀ |
| ၂၄ | Thailand | ၆၅၀ | ၇၂၅ | ၇၃၀ | ၈၈၀ | ၉၂၅ |
| ၂၅ | Jordan | ၈၄၅ | ၇၃၀ | ၇၂၅ | ၈၀၅ | ၈၁၀ |
| ၂၆ | Other | ၁၂၀၉၈ | ၁၂၂၅၁ | ၁၂၈၈၂ | ၁၁၇၇၅ | ၁၂၀၆၄ |
| | **Total** | **၁၆၂၁၁၄** | **၁၆၇၈၅၅** | **၁၆၈၇၄၉** | **၁၆၃၀၂၁** | **၁၇၀၆၃၄** |

https://www.fas.usda.gov/sites/default/files/2024-12/coffee.pdf

## ကမ္ဘာ့ကော်ဖီတင်ပို့မှုအခြေအနေ

၇။ ၂၀၂၀-၂၀၂၁ ခုနှစ်မှ ၂၀၂၄-၂၀၂၅ ခုနှစ်(ဇွန်လ)အထိ ကမ္ဘာ့ ကော်ဖီ တင်ပို့မှုအခြေအနေမှာ ဘရာဇီး(လ်)နိုင်ငံသည် ကော်ဖီအများဆုံးတင်ပို့သည့် နိုင်ငံဖြစ်ပြီး၊ ဒုတိယနှင့် တတိယ အများဆုံး တင်ပို့သည့်နိုင်ငံများမှာ ဗီယက်နမ်နိုင်ငံနှင့် ကိုလံဘီယာနိုင်ငံတို့ ဖြစ်ပါသည်။

### ကမ္ဘာ့ကော်ဖီတင်ပို့သည့်နိုင်ငံများ

Thousand 60 - Kilogram Bags

| စဉ် | နိုင်ငံ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ | ၂၀၂၄-၂၀၂၅ (ဇွန်လအထိ |
|---|---|---|---|---|---|---|
| ၁ | Brazil | ၄၅၆၇၅ | ၃၉၆၈၅ | ၃၆၁၄၅ | ၄၆၇၅၀ | ၄၆၆၅၁ |
| ၂ | Vietnam | ၂၅၃၀၀ | ၂၉၀၁၀ | ၂၈၃၄၀ | ၂၅၀၀၀ | ၂၆၅၀၀ |
| ၃ | Colombia | ၁၂၇၅၅ | ၁၂၃၆၅ | ၁၀၆၁၀ | ၁၁၇၆၀ | ၁၂၀၀၀ |
| ၄ | Indonesia | ၇၈၇၂ | ၇၄၂၈ | ၇၈၃၂ | ၅၃၅၅ | ၇၅၅၀ |
| ၅ | India | ၅၇၉၄ | ၇၂၅၈ | ၆၄၂၀ | ၆၉၀၆ | ၆၃၄၀ |
| ၆ | Uganda | ၆၅၁၄ | ၅၈၅၀ | ၆၂၅၀ | ၆၃၀၀ | ၆၃၀၀ |
| ၇ | Ethiopia | ၄၆၇၅ | ၄၈၃၁ | ၃၉၁၀ | ၅၆၁၀ | ၄၈၀၀ |
| ၈ | Hondursas | ၆၀၁၀ | ၄၆၅၀ | ၅၃၁၀ | ၄၇၀၀ | ၅၀၀၀ |
| ၉ | Peru | ၃၃၂၆ | ၄၀၆၅ | ၃၃၂၅ | ၃၉၂၀ | ၄၁၀၀ |
| ၁၀ | European Union | ၃၈၇၅ | ၄၄၈၅ | ၄၇၀၅ | ၅၀၃၅ | ၃၆၀၀ |
| ၁၁ | Other | ၂၃၀၉၀ | ၂၃၉၇၄ | ၂၁၇၁၉ | ၂၂၁၄၆ | ၂၂၄၀၂ |
| | **Total** | **၁၄၄၈၈၆** | **၁၄၃၆၀၁** | **၁၃၄၅၆၆** | **၁၄၃၄၈၂** | **၁၄၅၂၄၃** |

https://www.fas.usda.gov/sites/default/files/2024-12/coffee.pdf

## ကမ္ဘာ့ကော်ဖီတင်သွင်းမှုအခြေအနေ

၈။ ၂၀၂၀ – ၂၀၂၁ ခုနှစ်မှ ၂၀၂၄-၂၀၂၅ ခုနှစ်(ဇွန်လ)အထိ ကမ္ဘာ့ကော်ဖီအများဆုံးတင်သွင်းသည့်နိုင်ငံမှာဥရောပသမဂ္ဂ(EU) နိုင်ငံများဖြစ်ပြီး၊ ဒုတိယနှင့် တတိယကော်ဖီအများဆုံး တင်သွင်း

သည့် နိုင်ငံများမှာ အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့ ဖြစ်ပါသည်။

## ကမ္ဘာ့ကော်ဖီတင်သွင်းသည့်နိုင်ငံများ

Thousand 60 – Kilogram Bags

| စဉ် | နိုင်ငံ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ | ၂၀၂၄-၂၀၂၅ (ဇွန်လအထိ) |
|---|---|---|---|---|---|---|
| ၁ | European Union | ၄၃၈၇၅ | ၄၆၆၀၀ | ၄၄၅၄၀ | ၄၃၉၇၅ | ၄၇၅၀၀ |
| ၂ | United States | ၂၅၅၁၀ | ၂၇၀၂၅ | ၂၃၉၀၅ | ၂၃၅၀၀ | ၂၆၀၀၀ |
| ၃ | Japan | ၇၁၅၀ | ၇၄၁၅ | ၆၅၀၅ | ၆၉၀၅ | ၇၂၆၀ |
| ၄ | Philippines | ၆၁၆၀ | ၆၅၄၀ | ၅၉၀၀ | ၅၈၅၀ | ၆၃၀၀ |
| ၅ | China | ၃၈၁၀ | ၄၁၈၀ | ၄၂၃၀ | ၅၄၈၅ | ၅၀၅၀ |
| ၆ | Canada | ၄၉၉၅ | ၅၃၃၀ | ၅၁၁၀ | ၄၉၈၀ | ၅၂၀၀ |
| ၇ | United Kingdom | ၂၉၅၅ | ၃၉၈၅ | ၃၉၈၀ | ၄၁၄၀ | ၄၀၅၀ |
| ၈ | Russia | ၄၁၆၅ | ၄၀၅၅ | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ |
| ၉ | Korea, South | ၂၉၉၅ | ၃၄၀၅ | ၃၀၇၅ | ၃၃၅၀ | ၃၂၇၅ |
| ၁၀ | Switzerland | ၃၄၅၀ | ၃၄၀၀ | ၃၂၉၀ | ၃၃၄၅ | ၃၃၀၀ |
| ၁၁ | Other | ၂၇၀၆၂ | ၂၈၉၁၂ | ၂၉၀၃၉ | ၂၈၁၃၂ | ၂၉၃၀၈ |
| | **Total** | **၁၃၂၁၂၇** | **၁၄၀၈၄၇** | **၁၃၃၉၂၄** | **၁၃၃၉၁၂** | **၁၄၁၄၉၃** |

https://www.fas.usda.gov/sites/default/files/2024-12/coffee.pdf

## ကမ္ဘာ့ကော်ဖီ လအလိုက် စျေးနှုန်းများအခြေအနေ

၉။ ကမ္ဘာ့ကော်ဖီစျေးနှုန်း(လအလိုက်) ဖြစ်ပေါ်ခဲ့မှု အခြေအနေမှာ အာရေးဗီးကား ကော်ဖီစျေးနှုန်းသည် ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် စျေးနှုန်းများကို လေ့လာရာတွင် ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ၌ တစ်ကီလိုဂရမ် လျှင် USD ၃.၆၇ ဖြင့် အမြင့်ဆုံးဖြင့်လည်းကောင်း၊ ၂၀၂၁ ခုနှစ် တွင် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် တစ်ကီလိုဂရမ်လျှင် USD

၅.၇၁ ၊ ၅.၉၁ ဖြင့် အမြင့်ဆုံးဖြင့်လည်းကောင်း ရောက်ရှိလာခဲ့ရာမှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တစ်ကီလိုဂရမ်လျှင် USD ၆.၁၇ ဖြစ်ခဲ့သည့်အတွက် ၂၀၂၀ ခုနှစ်မှ ၂၀၂၂ ခုနှစ် အတွင်းတွင် ဈေးနှုန်းအမြင့်ဆုံး ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လ၊ ဧပြီလတို့တွင် တစ်ကီလိုဂရမ်လျှင် USD ၄.၉၀ ၊ ၅.၀၆ ထိ ဈေးနှုန်းအမြင့်ဆုံးဈေး ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် တစ်ကီလိုဂရမ်လျှင် USD ၆.၇၂ အထိ ဈေးနှုန်းအမြင့်ဆုံး ဖြစ်ပေါ်ခဲ့ပါသည်။

**ကော်ဖီ(အာရေးဗီးကား) လအလိုက်ဈေးနှုန်း**

**USD / ကီလိုဂရမ်**

| စဉ် | လအမည် | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ |
|---|---|---|---|---|---|---|
| (က) | ဇန်နဝါရီ | ၃.၁၃ | ၃.၅၄ | ၅.၉၈ | ၄.၅၆ | ၄.၄၇ |
| ( ခ ) | ဖေဖော်ဝါရီ | ၂.၉၉ | ၃.၆၇ | ၆.၁၇ | ၅.၀၆ | ၄.၆၀ |
| ( ဂ ) | မတ် | ၃.၂၇ | ၃.၆၈ | ၅.၇၀ | ၄.၉၀ | ၄.၆၁ |
| (ဃ) | ဧပြီ | ၃.၄၁ | ၃.၇၂ | ၅.၈၅ | ၅.၀၆ | ၅.၂၇ |
| ( င ) | မေ | ၃.၃၀ | ၄.၁၁ | ၅.၇၄ | ၄.၈၅ | ၅.၀၈ |
| ( စ ) | ဇွန် | ၃.၁၂ | ၄.၂၄ | ၆.၀၃ | ၄.၅၇ | ၅.၄၈ |
| (ဆ) | ဇူလိုင် | ၃.၂၄ | ၄.၅၀ | ၅.၆၄ | ၄.၂၇ | ၅.၆၇ |
| ( ဇ ) | ဩဂုတ် | ၃.၆၀ | ၄.၇၇ | ၅.၉၂ | ၄.၁၂ | ၅.၇၆ |
| ( ဈ ) | စက်တင်ဘာ | ၃.၆၇ | ၄.၉၇ | ၅.၉၀ | ၄.၀၅ | ၆.၁၂ |
| (ည) | အောက်တိုဘာ | ၃.၃၅ | ၅.၃၁ | ၅.၂၉ | ၄.၀၅ | ၆.၁၀ |
| ( ဋ ) | နိုဝင်ဘာ | ၃.၃၂ | ၅.၇၁ | ၄.၇၂ | ၄.၃၅ | ၆.၇၂ |
| ( ဌ ) | ဒီဇင်ဘာ | ၃.၄၈ | ၅.၉၁ | ၄.၆၃ | ၄.၆၅ | |

https://www.indexmundi.com/commodities/?commodity=other-mild-arabicas-coffee&months=60

## ကော်ဖီ(ရိုဘတ်စတာ) လအလိုက်ဈေးနှုန်း

**USD / ကီလိုဂရမ်**

| စဉ် | လအမည် | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ |
|---|---|---|---|---|---|---|
| (က) | ဇန်နဝါရီ | ၁.၅၆ | ၁.၅၆ | ၂.၄၃ | ၂.၁၂ | ၃.၂၆ |
| (ခ) | ဖေဖော်ဝါရီ | ၁.၅၀ | ၁.၆၂ | ၂.၄၁ | ၂.၂၉ | ၃.၃၈ |
| (ဂ) | မတ် | ၁.၄၉ | ၁.၆၃ | ၂.၂၉ | ၂.၃၅ | ၃.၆၆ |
| (ဃ) | ဧပြီ | ၁.၄၁ | ၁.၆၄ | ၂.၂၉ | ၂.၅၅ | ၄.၂၃ |
| (င) | မေ | ၁.၄၂ | ၁.၇၆ | ၂.၂၇ | ၂.၇၀ | ၄.၀၄ |
| (စ) | ဇွန် | ၁.၄၂ | ၁.၈၇ | ၂.၂၉ | ၂.၉၁ | ၄.၅ |
| (ဆ) | ဇူလိုင် | ၁.၄၉ | ၂.၀၈ | ၂.၂၁ | ၂.၈၁ | ၄.၇၃ |
| (ဇ) | သြဂုတ် | ၁.၆၀ | ၂.၁၀ | ၂.၄၂ | ၂.၇၅ | ၄.၇၃ |
| (ဈ) | စက်တင်ဘာ | ၁.၆၀ | ၂.၃၁ | ၂.၄၆ | ၂.၇၃ | ၅.၃၃ |
| (ည) | အောက်တိုဘာ | ၁.၅၁ | ၂.၃၂ | ၂.၂၇ | ၂.၆၂ | ၄.၈၉ |
| (ဋ) | နိုဝင်ဘာ | ၁.၆၀ | ၂.၄၁ | ၂.၀၄ | ၂.၇၀ | ၄.၉၈ |
| (ဌ) | ဒီဇင်ဘာ | ၁.၅၉ | ၂.၄၈ | ၂.၀၅ | ၂.၉၉ | |

https://www.indexmundi.com/commodities/?commodity=robusta-coffee&months=120

## မြန်မာနိုင်ငံ၏ ကော်ဖီ စိုက်ပျိုးထုတ်လုပ်မှု

၁၀။ မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးမှု အခြေအနေမှာ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် စိုက်ဧကစုစုပေါင်းမှာ ၅၆၇၃၉ ၊ ရိတ်ဧကစုစုပေါင်းမှာ ၃၁၇၆၇၊ အထွက်နှုန်း တန်ချိန်အားဖြင့် ၀.၂၉ တန်၊ အထွက်တန်ချိန်အားဖြင့် ၉၁၉၁.၇၀ တန်ဖြစ်ကြောင်း သိရှိရပါသည်။ နှစ်အလိုက် ကော်ဖီစိုက်ပျိုးထွက်ရှိမအား တစ်ဖက်ပါဇယားဖြင့် တင်ပြအပ်ပါသည်-


# မြန်မာနိုင်ငံ၏ နှစ်အလိုက်ကော်ဖီစေ့ စိုက်ပျိုးမှု၊ ရိတ်သိမ်းမှု၊ အထွက်နှုန်း

ရေတွက်ပုံ – တန်

| စဉ် | ခုနှစ် | စိုက်ဧက | ရိတ်ဧက | အထွက်နှုန်း (တန်) | အထွက် (တန်) |
|---|---|---|---|---|---|
| (က) | ၂၀၁၇–၂၀၁၈ | ၄၈၅၇၈ | ၃၀၆၂၇ | ၀.၂၈ | ၈၆၈၃.၅၅ |
| ( ခ ) | ၂၀၁၈–၂၀၁၉ | ၄၉၂၉၄ | ၃၁၁၂၇ | ၀.၂၈ | ၈၈၁၆.၈၄ |
| ( ဂ ) | ၂၀၁၉–၂၀၂၀ | ၄၉၇၀၉ | ၃၁၄၆၆ | ၀.၂၈ | ၈၈၇၃.၂၀ |
| (ဃ) | ၂၀၂၀–၂၀၂၁ | ၄၉၇၅၃ | ၃၂၂၂၁ | ၀.၂၈ | ၉၀၅၀.၃၁ |
| ( င ) | ၂၀၂၁–၂၀၂၂ | ၄၉၂၅၂ | ၃၀၆၇၇ | ၀.၂၉ | ၈၉၂၃.၁၉ |
| ( စ ) | ၂၀၂၂–၂၀၂၃ | ၅၃၈၄၂ | ၃၀၁၅၄ | ၀.၂၉ | ၈၆၉၉.၉၀ |
| (ဆ) | ၂၀၂၃–၂၀၂၄ | ၅၆၇၃၉ | ၃၁၇၆၇ | ၀.၂၉ | ၉၁၉၁.၇၀ |

Source : စိုက်ပျိုးရေးဦးစီးဌာန

## မြန်မာနိုင်ငံ၏ နှစ်အလိုက်ကော်ဖီစေ့ ထွက်ရှိမှု(တန်)



၁၁။ မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ၂၀၂၃-၂၀၂၄ စိုက်ပျိုးထွက်ရှိမှု တိုင်းဒေသကြီး/ ပြည်နယ်အလိုက်အခြေအနေကို လေ့လာရာတွင် စိုက်ကေစုစုပေါင်းမှာ ၅၆၇၃၉ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ကော်ဖီအများဆုံးထွက်ရှိသည့် ဒေသမှာ ရှမ်းပြည်နယ်ဖြစ်ပါသည်။ ရှမ်းပြည်နယ်တွင် စိုက်ဧက ၂၇၈၀၆၊ ရိတ်ဧကမှာ ၁၇၂၃၅ ဖြစ်ပြီး ထွက်ရှိမှုတန်ချိန်မှာ ၅၄၁၀.၁၈ ဖြစ်ပါသည်။ ဒုတိယအများဆုံးစိုက်ပျိုးထွက်ရှိသည့် ပြည်နယ်မှာ ကရင်ပြည်နယ် ဖြစ်ပါသည်။ ကရင်ပြည်နယ်တွင် ကော်ဖီစိုက်ဧကမှာ ၁၀၀၂၉၊ ရိတ်ဧကမှာ ၇၇၇၉ ဖြစ်ပြီး ထွက်ရှိမှုတန်ချိန်မှာ ၂၁၉၁.၁၄ ဖြစ်ပါသည်။ တတိယအများဆုံးစိုက်ပျိုးထွက်ရှိသည့် တိုင်းဒေသကြီးမှာ မန္တလေးတိုင်းဒေသကြီး ဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီးတွင် ကော်ဖီစိုက်ဧကမှာ ၁၀၉၅၃၊ ရိတ်ဧကမှာ ၂၄၀၄ ဖြစ်ပြီး ထွက်ရှိမှုတန်ချိန်မှာ ၅၇၄.၀၈ ဖြစ်ပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးထွက်ရှိမှုအခြေအနေများအား တစ်ဖက်ပါအတိုင်း တင်ပြအပ်ပါသည် -

# ၂၀၂၃-၂၀၂၄ ခုနှစ်၊ ကော်ဖီသီးနှံ စိုက်ပျိုးထုတ်လုပ်မှုစာရင်း

ရေတွက်ပုံ - တန်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စိုက်ဧရိယာ (ဧက) | ရိတ်ဧရိယာ (ဧက) | အထွက်နှုန်း (တန်) | အထွက်ပေါင်း (တန်) |
|---|---|---|---|---|---|
| ၁ | နေပြည်တော်ကောင်စီနယ်မြေ | ၄၂၄ | ၄၁၅ | ၀.၁၈ | ၇၆.၀၇ |
| ၂ | ကချင်ပြည်နယ် | ၁၁၃၁ | ၁၀၀၈ | ၀.၃၂ | ၃၂၇.၅၀ |
| ၃ | ကယားပြည်နယ် | ၇၀၉ | ၂၅၈ | ၀.၂၄ | ၆၁.၃၉ |
| ၄ | ကရင်ပြည်နယ် | ၁၀၀၂၉ | ၇၇၇၉ | ၀.၂၈ | ၂၁၉၁.၁၄ |
| ၅ | ချင်းပြည်နယ် | ၁၀၃၈ | ၅၁၁ | ၀.၂၅ | ၁၂၆.၃၀ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၅၇၅ | ၄၅၂ | ၀.၃၅ | ၁၅၈.၂၂ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၁၁၄၈ | ၂၉၀ | ၀.၂၄ | ၇၀.၈၅ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၁၈၅ | ၇ | ၀.၃၁ | ၂.၁၇ |
| ၉ | မကွေးတိုင်းဒေသကြီး | ၁၅၅၃ | ၁၀၉၉ | ၀.၀၈ | ၈၈.၆၁ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၁၀၉၅၃ | ၂၄၀၄ | ၀.၂၄ | ၅၇၄.၀၈ |
| ၁၁ | မွန်ပြည်နယ် | ၆ | | | |
| ၁၂ | ရခိုင်ပြည်နယ် | ၁၉ | | | |
| ၁၃ | ရှမ်းပြည်နယ် | **၂၇၈၀၆** | **၁၇၂၃၅** | **၀.၃၁** | **၅၄၁၀.၁၇** |
| | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၁၀၇၅၀ | ၇၁၁၃ | ၀.၂၆ | ၁၈၃၇.၉၆ |
| | ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၁၃၉၀၆ | ၈၈၃၅ | ၀.၃၇ | ၃၃၀၀.၅၀ |
| | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၃၁၅၀ | ၁၂၈၇ | ၀.၂၁ | ၂၇၁.၇၂ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၁၆၃ | ၃၁၀ | ၀.၃၄ | ၁၀၅.၂၀ |
| | **ပြည်ထောင်စုချုပ်** | **၅၆၇၃၉** | **၃၁၇၆၈** | **၀.၂၉** | **၉၁၉၁.၇၀** |

Source : စိုက်ပျိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

**မြန်မာနိုင်ငံ၏ ကော်ဖီ ပြည်ပတင်ပို့မှု**

၁၂။ မြန်မာနိုင်ငံ၏ ကော်ဖီပြည်ပတင်ပို့မှု အခြေအနေမှာ ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ကော်ဖီစေ့တန်ချိန်ပေါင်း ၂၄၇၆.၇၄၈ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသန်း ၈.၄၀၄ တင်ပို့ခဲ့ပါသည်။ ထိုင်းနိုင်ငံသို့ တန်ချိန် ၁၃၁၄ တန်ဖြင့် အများဆုံးတင်ပို့နိုင်ခဲ့ပြီး၊ ဒုတိယအများဆုံးဖြင့် တရုတ်နိုင်ငံသို့ တန်ချိန် ၇၄၀.၂၅၀ တင်ပို့နိုင်ခဲ့ပါသည်။ တတိယအများဆုံးဖြင့် ဘယ်လ်ဂျီယံနိုင်ငံသို့ တန်ချိန် ၁၅၆.၇၂၀ တန် တင်ပို့နိုင်ခဲ့ပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ကော်ဖီစေ့ကို ပြည်ပနိုင်ငံများ နိုင်ငံပေါင်း ၁၇ နိုင်ငံသို့ တင်ပို့နိုင် ခဲ့ပါသည်။

၁၃။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ကော်ဖီစေ့ တန်ချိန်ပေါင်း ၃၈၃၁.၁၁၃ တန်၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာသန်း ၁၃.၈၇၆ တင်ပို့ခဲ့ပါသည်။ ထိုင်းနိုင်ငံသို့ တန်ချိန် ၂၂၂၇.၀၀၀ တန်ဖြင့် အများဆုံးတင်ပို့နိုင်ခဲ့ပြီး၊ ဒုတိယအများဆုံးဖြင့် တရုတ်နိုင်ငံသို့ တန်ချိန် ၁၂၀၁.၈၀၀ တင်ပို့နိုင်ခဲ့ပါသည်။ တတိယ အများဆုံးဖြင့် ဘယ်လ်ဂျီယံနိုင်ငံသို့ တန်ချိန် ၁၅၃.၃၆၀ တန် တင်ပို့နိုင်ခဲ့ပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ကော်ဖီစေ့ကို ပြည်ပနိုင်ငံများ နိုင်ငံပေါင်း ၁၇ နိုင်ငံသို့ တင်ပို့နိုင် ခဲ့ပါသည်။

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံအလိုက် ကော်ဖီစေ့ တင်ပို့မှုစာရင်း (ပင်လယ်ရေကြောင်း+နယ်စပ်)

တန်ဖိုး-အမေရိကန်ဒေါ်လာသန်း

| စဉ် | နိုင်ငံ | ရေတွက်ပုံ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် | |
|---|---|---|---|---|
| | | | တန်ချိန် | တန်ဖိုး |
| ၁ | **CHINA** | **တန်** | **၁၂၀၁.၈၀၀** | **၂.၉၃၃** |
| | OVERSEA | တန် | | |
| | BORDER | တန် | ၁၂၀၁.၈၀၀ | ၂.၉၃၃ |
| ၂ | **THAILAND** | **တန်** | **၂၂၂၇.၀၀၀** | **၈.၅၈၁** |
| | OVERSEA | တန် | | |
| | BORDER | တန် | ၂၂၂၇.၀၀၀ | ၈.၅၈၁ |
| ၃ | AUSTRALIA | တန် | ၁၁.၉၈၇ | ၀.၀၇၀ |
| ၄ | BELGIUM | တန် | ၁၅၃.၃၆၀ | ၀.၉၄၄ |
| ၅ | CANADA | တန် | ၂.၁၆၀ | ၀.၀၂၂ |
| ၆ | GERMANY, FEDERAL REPUBLIC OF | တန် | ၂.၀၀၀ | ၀.၀၁၆ |
| ၇ | HONG KONG, CHINA | တန် | ၀.၁၁၂ | ၀.၀၀၀၂ |
| ၈ | JAPAN | တန် | ၈၇.၅၈၂ | ၀.၃၇၃ |
| ၉ | KOREA, REPUBLIC OF | တန် | ၄.၁၁၀ | ၀.၀၁၉ |
| ၁၀ | NETHERLANDS | တန် | ၁၉.၂၆၀ | ၀.၁၅၅ |
| ၁၁ | SAUDI ARABIA | တန် | ၁၂.၃၀၀ | ၀.၁၂၃ |
| ၁၂ | SINGAPORE | တန် | ၁၄.၅၈၀ | ၀.၀၃၆ |
| ၁၃ | TAIWAN | တန် | ၁၅.၈၀၀ | ၀.၀၆၂ |
| ၁၄ | UNITED ARAB EMIRATES | တန် | ၀.၆၆၀ | ၀.၀၀၁ |
| ၁၅ | UNITED KINGDOM | တန် | ၄၉.၁၅၂ | ၀.၃၂၂ |
| ၁၆ | UNITED STATES OF AMERICA | တန် | ၂၈.၅၀၀ | ၀.၂၁၄ |
| ၁၇ | VIET NAM | တန် | ၀.၇၅၀ | ၀.၀၀၅ |
| | **စုစုပေါင်း** | **တန်** | **၃၈၃၁.၁၁၃** | **၁၃.၈၇၆** |

၁၄။ မြန်မာနိုင်ငံမှ ကော်ဖီစေ့ဘဏ္ဍာနှစ်အလိုက် ပြည်ပတင်ပို့မှုကို လေ့လာရာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တင်ပို့မှုတန်ချိန်ပေါင်း ၁၁၁၉.၃၈၉ ၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသန်း ၂.၆၄၉ ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပင်လယ်ရေကြောင်းနှင့် နယ်စပ်လမ်းကြောင်းတို့မှ တင်ပို့မှုတန်ချိန်ပေါင်း ၈၅၂.၆၈၃ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသန်း ၂.၅၉၁ ၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပင်လယ်ရေကြောင်းနှင့် နယ်စပ်လမ်းကြောင်းတို့မှ တင်ပို့မှုတန်ချိန်ပေါင်း ၇၇၁.၁၃၀၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသန်း ၂.၅၄၁ ၊ ၂၀၂၁-၂၀၂၂ (Mini Budget)တွင် ပင်လယ်ရေကြောင်းနှင့် နယ်စပ်လမ်းကြောင်းတို့မှ တင်ပို့မှုတန်ချိန်ပေါင်း ၁၀၀၉.၅၂၀၊ အမေရိကန်ဒေါ်လာသန်း ၂.၀၉၀ ၊ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်တွင် ပင်လယ်ရေကြောင်းနှင့် နယ်စပ်လမ်းကြောင်းတို့မှ တင်ပို့မှုတန်ချိန်ပေါင်း ၄၆၂၁.၉၀၂ ၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသန်း ၁၇.၈၂၉ ၊ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် ပင်လယ်ရေကြောင်းနှင့် နယ်စပ်လမ်းကြောင်းတို့မှ တင်ပို့မှုတန်ချိန်ပေါင်း ၂၄၇၆ ၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာသန်း ၈.၄၀၄ ၊ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် ပင်လယ်ရေကြောင်းနှင့် နယ်စပ်လမ်းကြောင်းတို့မှ တင်ပို့မှုတန်ချိန်ပေါင်း ၃၈၃၁.၁၁၃ ၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသန်း ၁၃.၈၇၆ တင်ပို့နိုင်ခဲ့ပါသည်။

၁၅။ မြန်မာနိုင်ငံမှ ကော်ဖီစေ့ နှစ်အလိုက်ပြည်ပတင်ပို့မှုအခြေအနေကို တစ်ဖက်ပါဇယားဖြင့် တင်ပြအပ်ပါသည် -

**မြန်မာနိုင်ငံမှ ဘဏ္ဍာနှစ်အလိုက် ကော်ဖီ ပြည်ပတင်ပို့မှုစာရင်း (ပင်လယ်ရေကြောင်း+နယ်စပ်)**


တန်ဖိုး – အမေရိကန်ဒေါ်လာသန်း

| စဉ် | ဘဏ္ဍာနှစ် | ပင်လယ်ရေကြောင်း | | နယ်စပ်လမ်းကြောင်း | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး |
| ၁ | ၂၀၁၈-၂၀၁၉ | ၄၅၄.၅၃၉ | ၁.၉၀၇ | ၆၆၄.၈၅၀ | ၀.၇၄၂ | ၁၁၁၉.၃၈၉ | ၂.၆၄၉ |
| ၂ | ၂၀၁၉-၂၀၂၀ | ၄၇၀.၉၈၃ | ၂.၀၈၄ | ၃၈၁.၇၀၀ | ၀.၅၀၇ | ၈၅၂.၆၈၃ | ၂.၅၉၁ |
| ၃ | ၂၀၂၀-၂၀၂၁ | ၄၄၈.၂၃၀ | ၂.၂၃၇ | ၃၂၂.၉၀၀ | ၀.၃၀၄ | ၇၇၁.၁၃၀ | ၂.၅၄၁ |
| ၄ | ၂၀၂၁-၂၀၂၂<br>(Mini Budget) | ၄၁၈.၇၂၀ | ၁.၂၉၈ | ၅၉၀.၈၀၀ | ၀.၇၉၂ | ၁၀၀၉.၅၂၀ | ၂.၀၉၀ |
| ၅ | ၂၀၂၂-၂၀၂၃ | ၆၆၂.၁၉၅ | ၃.၂၆၈ | ၃၉၅၉.၇၀၇ | ၁၄.၅၆၁ | ၄၆၂၁.၉၀၂ | ၁၇.၈၂၉ |
| ၆ | ၂၀၂၃-၂၀၂၄ | ၄၄၂.၄၉၈ | ၂.၃၁၁ | ၂၀၃၄.၂၅၀ | ၆.၀၉၃ | ၂၄၇၆.၇၄၈ | ၈.၄၀၄ |
| ၇ | ၂၀၂၄-၂၀၂၅ | ၄၀၂.၁၃၃ | ၂.၁၆၂ | ၃၄၂၈.၈၀၀ | ၁၁.၅၁၄ | ၃၈၃၁.၁၃၃ | ၁၃.၈၇၆ |


Source: Customs Data

၁၆။ မြန်မာနိုင်ငံ၏ ကော်ဖီစေ့ နှစ်အလိုက် ပြည်ပတင်ပို့မ အခြေအနေများအား အောက်ပါဂရပ်ပုံဖြင့် တင်ပြအပ်ပါသည် –

**မြန်မာနိုင်ငံ၏ ကော်ဖီစေ့ (ပင်လယ်ရေကြောင်း+ နယ်စပ်)တင်ပို့မှု (တန်ချိန်)**



၁၇။ ကော်ဖီတင်ပို့မှုကို ပင်လယ်ရေကြောင်းဖြင့် အဓိက နှစ်စဉ် တင်ပို့လျက်ရှိပြီး နယ်စပ်လမ်းကြောင်းဖြင့်လည်း တင်ပို့ လျက်ရှိရာ ၂၀၂၂–၂၀၂၃ ခုနှစ်တွင် စုစုပေါင်း တန်ချိန် ၄၆၀၀ ကျော်ဖြင့် အမြင့်ဆုံး တင်ပို့ခဲ့ပါသည်။ သို့ရာတွင် စုစုပေါင်းတင်ပို့မှုမှာ ၂၀၁၉ – ၂၀၂၀ နှင့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်တွင် အနည်းငယ်ကျဆင်းခဲ့ခြင်းမှာ ပင်လယ်ရေကြောင်းဖြင့် တင်ပို့မြင့်တက်ခဲ့သော်လည်း နယ်စပ်လမ်းကြောင်းဖြင့် တင်ပို့မကျဆင်းခဲ့ခြင်းကြောင့် ဖြစ်ပါသည်။



## ပြည်တွင်းစားသုံးမှု

၁၈။ မြန်မာနိုင်ငံရှိ ထိပ်တန်းကော်ဖီဆိုင်များနှင့် ဆွေးနွေးမှုများအရ ပြည်တွင်းစားသုံးမှုမှာ တစ်နှစ်လျင် တန်ချိန် ၇၅၀မှာ အများဆုံးဖြစ်သည်ဟု ခန့်မှန်းထားသော်လည်း အဆိုပါ အချက်အလက်များကို အတည်ပြုရန် စာရင်းအင်းအချက်အလက်များ မရှိပါ။ လှော်ထားသော ကော်ဖီနှင့် ကော်ဖီမှုန့်များ၏ အကြီးဆုံးထုတ်လုပ်သူ ၃ ဦး (ပရီမီယာ၊ မဟာနှင့် MFE) သည် ပြည်တွင်းစားသုံးရန် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ကော်ဖီတန်ချိန် ၃၅၀ ခန့် ထုတ်လုပ်ပါသည်။ တစ်နိုင်တစ်ပိုင် ကော်ဖီထုတ်လုပ်သူအများအပြားရှိပြီး ၎င်းတို့အနေဖြင့် ကော်ဖီ ၁၀ တန်အထိ ထုတ်လုပ်နိုင်သော်လည်း ၎င်းတို့နှင့်ပတ်သက်သည့် ကိန်းဂဏန်းများကို မရရှိနိုင်ပါ။

၁၉။ မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးမှု အခြေအနေမှာ ကောင်းမွန်သော အနေအထားတွင် ရပ်တည်နေသော်လည်း မြန်မာ့ကော်ဖီကဏ္ဍသည် အစပျိုးအဆင့်မှ တိုးတက်ပြောင်းလဲရန်အတွက် အလားအလာရှိသော အနေအထား၌သာ ရှိနေဆဲဖြစ်ပါသည်။ ကော်ဖီကို ဒေသတွင်းနိုင်ငံများအတွင်း၌ ဝယ်လိုအား၊ လိုအပ်ချက်နှင့် သောက်သုံးမှုမြင့်မားလာခြင်းနှင့်အတူ အရည်အသွေးမြင့်သော အထူးတန်းဝင်ထုတ်ကုန်အဖြစ်ဖွံ့ဖြိုးပြီး ဈေးကွက်များ၌ ရောင်းချရန် စိတ်ဝင်စားလျက်ရှိကြပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း ကော်ဖီစိုက်ပျိုးထုတ်လုပ်မကို တိုးချဲ့

ဆောင်ရွက်သွားရန်အတွက် အခွင့်အလမ်းကောင်းများ ရှိနေပါသည်။ ထိုကဲ့သို အလားအလာရှိသော ဈေးကွက်လိုလားချက်နှင့် ဝယ်လိုအားအခြေအနေများကို ဖြည့်ဆည်းရန်အတွက် ပြည်တွင်းထုတ်လုပ်ရောင်းချမှု၌ နည်းပညာ၊ ဘဏ္ဍာရေးနှင့် နိုင်ငံတကာမှ ဝယ်ယူလိုသူများနှင့် ချိတ်ဆက်ရန် အခက်အခဲနှင့် စိန်ခေါ်မများ ရှိနေပါသဖြင့် ယင်းတိုကို ကျော်လွှားဖြေရှင်း ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။

၂၀။ မြန်မာ့ကော်ဖီလုပ်ငန်းသည် သက်တမ်းနုနယ်သည့် အဆင့်၌သာရှိနေပြီး မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ အရေးပါသော အစိတ်အပိုင်းတစ်ခုအဖြစ် ကြီးထွားတိုးတက်လာရန်နှင့် တောင်သူများကို အကျိုးဖြစ်ထွန်းစေရန် အခွင့်အလမ်းရှိနေပါသည်။ ပုဂလိက ရင်းနှီးမြှုပ်နှံသူများက ကော်ဖီခြံအသစ်များ စိုက်ပျိုးခြင်းသည် ကော်ဖီလုပ်ငန်းကို တိုးတက်အောင်ဆောင်ရွက်ရာ၌ အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ သိုသော်လည်း တစ်ဦးချင်း ရင်းနှီးမြှုပ်နှံသူများသည် ကော်ဖီဈေးကွက်ရှာဖွေခြင်း ဆိုင်ရာအသိပညာ နည်းပါးပြီး အကူအညီများလည်း လိုအပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ကော်ဖီလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပတ်ဝန်းကျင်ကောင်းကို ပံ့ပိုးပေးရန်နှင့် ရင်းနှီးမြှုပ်နှံသူများအတွက် ၎င်းတို၏ ထုတ်ကုန်များကို သယ်ယူပိုဆောင်ရန်၊ အဆင့်ဆင့်ထုတ်လုပ်ရန်၊ ဈေးကွက်တင်ရန်နှင့်

ပြည်ပတင်ပို့ရန်အတွက် ဈေးကွက်ရှာဖွေရေးလမ်းကြောင်းများ ရရှိစေရန်အတွက် အဓိကတာဝန်ရှိပါသည်။

၂၁။ အရည်အသွေးရှိသော မြန်မာ့ကော်ဖီဈေးကွက်မြှင့်တင်နိုင်ရေးအတွက် မဟာဗျူဟာတစ်ခုရေးဆွဲရန် လိုအပ်လျက်ရှိရာ အဆိုပါ မဟာဗျူဟာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည် -

(က) **အရည်အသွေးဆိုင်ရာကိစ္စရပ်များ။** မြန်မာနိုင်ငံမှ တင်ပို့သည့် ကော်ဖီများ အရည်အသွေးပိုင်းတွင် တစ်သမတ်တည်းရှိစေရန် အစိုးရအနေဖြင့် ကော်ဖီတင်ပို့မဆိုင်ရာ စံချိန်စံညွှန်းနှင့် အရည်အသွေးအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ နိုင်ငံတကာ ဝယ်လက်အများစုအတွက် အရည်အသွေး တစ်သမတ်တည်းရှိမသည်လည်း အလွန်အရေးကြီးပါသည်။

( ခ ) **ထုတ်လုပ်မပိုင်းဆိုင်ရာအထောက်အပံ့များ။** အစိုးရအနေဖြင့် အရည်အသွေးမြင့် ကော်ဖီများကို ထုတ်လုပ်ရန်၊ ဈေးကွက်ရှာဖွေရန်နှင့် တင်ပို့ရောင်းချနိုင်စေရန်အတွက် ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအား တက်ကြွစွာ ကူညီဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ သို့မှသာ မြန်မာ့

ကော်ဖီလုပ်ငန်းကို ကမ္ဘာက အပြုသဘောဆောင်သည့် အသိအမှတ်ပြုခြင်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။ စက်ပစည်းတင်သွင်းခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို လွယ်ကူချောမွေ့စေရန်နှင့် INGOs များရှိ ကျွမ်းကျင်ပညာရှင်များမှ ကော်ဖီစိုက်ပျိုးသူနှင့် ထုတ်လုပ်သူများအတွက် အကြံဉာဏ်ကူညီဆောင်ရွက်ပေးသင့်ပါသည်။

( ဂ ) **ဈေးကွက်အပေါ်အလေးထားမှု။** မြန်မာ့ကော်ဖီလုပ်ငန်းသည် ကော်ဖီဈေးကွက်၏ အထူးလိုအပ်ချက်များကို နားလည်သဘောပေါက်ရန် ကြိုးပမ်းရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံအစိုးရသည် ဈေးကွက်၏ လိုအပ်ချက်များနှင့် ကိုက်ညီသောကော်ဖီကို ပံ့ပိုးပေးနိုင်သည့် 'market driven' ကော်ဖီလုပ်ငန်းစုတစ်ခု ဖွံ့ဖြိုးတိုးတက်လာစေရန် ကူညီဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

(ဃ) **ဈေးကွက်အချက်အလက်။** မြန်မာ့ကော်ဖီစိုက်ပျိုးသူအားလုံးအတွက် မျှတသော ဈေးနှုန်းများရရှိစေရန်အတွက် အစိုးရအနေဖြင့် ကမ္ဘာ့ကော်ဖီဈေးကွက်ပေါက်ဈေးကို ချိတ်ဆက်အသိပေးနိုင်မည့် နည်းလမ်းများကို စုံစမ်းဖော်ထုတ်ရမည်ဖြစ်ပါသည်။

( င ) **အနည်းဆုံး ကော်ဖီပမာဏ။** အရည်အသွေးမြင့်ကော်ဖီတန်ချိန် ၅၀၀ သည် အထူးသီးသန့်ကော်ဖီအသစ်ကို ဈေးကွက်ချဲ့ထွင်ရန်အတွက် ယုံကြည်ရလောက်သော အစီအစဉ်တစ်ခု စတင်ရန်အတွက် အနည်းဆုံးလိုအပ်ချက်ဟု ယူဆပါသည်။ ကော်ဖီစိုက်ပျိုးသူများမှ စတင်ထုတ်လုပ်မည့် အဆိုပါအနိမ့်ဆုံးပမာဏကိုရရှိရန် ကော်ဖီတင်ပို့မများကို ပေါင်းစည်းရန် လိုအပ်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ အစိုးရအနေဖြင့် ကော်ဖီလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ သက်ဆိုင်ရာအသင်းအဖွဲ့များ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများ၊ ပိုကုန်လုပ်ငန်းရှင်များ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

( စ ) **ကော်ဖီထုတ်လုပ်မ။** ကော်ဖီစိုက်ပျိုးထုတ်လုပ်မသည် မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြားတွင် ပျံ့နှံ့လျက်ရှိပါသည်။ အာရေဗီးကား (Arabica) ကော်ဖီသည် မြောက်ဘက်တောင်တန်းများတွင် ထုတ်လုပ်လေ့ရှိပြီး ရိုဘက်စတာ (Robusta) ကော်ဖီသည် မြေနိမ့်ပိုင်းတောင်ပိုင်းဒေသများတွင် အများစုစိုက်ပျိုးထုတ်လုပ်ပါသည်။ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူလုပ်

ငန်းရှင်ငယ်များ (ပျမ်းမျှအားဖြင့်စိုက်ပျိုးမှုတစ်ဧကေ ထက်နည်းသော)သည် ကော်ဖီထုတ်လုပ်မှု၏ ၈၀% ရှိပြီး ကျန်ပမာဏအား အစိုးရနှင့်ပုဂလိက စိုက်ပျိုးသူများ၊ ဧကအနည်းငယ်ရှိသော ကော်ဖီခြံပိုင်ရှင်များက ထုတ်လုပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံအစိုးရ၏ ကော်ဖီဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအရ ကော်ဖီကို ဧရိယာအများအပြားစိုက်ပျိုးထားသောကြောင့် ယင်းအချိုးအစားမှာ ပြောင်းလဲနေပါသည်။ Arabica ထုတ်လုပ်မှုမှာ ခန့်မှန်းခြေအားဖြင့် စုစုပေါင်းထုတ်လုပ်မှု၏ ၆၆ ရာခိုင်နှုန်းဖြစ်ပြီး Robusta သည် ၃၃ ရာခိုင်နှုန်း ခန့်ရှိပါသည်။ မြန်မာနိုင်ငံ၏ ကော်ဖီထုတ်လုပ်မှုတန်ချိန် (၃၆၀၀)သည် ကမ္ဘာ့ကော်ဖီထုတ်လုပ်မှု၏ (၀.၀၅) ရာခိုင်နှုန်းသာ ရှိပါသည်။

၂၂။ ကော်ဖီထုတ်လုပ်မှုကို အဓိကလမ်းကြောင်း ၃ ခု ဖြင့် ဈေးကွက်၌ ရောင်းချလျက်ရှိရာ (၁) ပြည်တွင်းစားသုံးမှု၊ (၂) နယ်စပ်ကုန်သွယ်မှုတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ခြင်းနှင့် (၃) နိုင်ငံတကာသို့တင်ပို့ခြင်းဟု ခေါ်ဆိုလေ့ရှိသော ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် တင်ပို့ခြင်းတို့ဖြစ်ပါသည်။ မြန်မာ့ကော်ဖီကဏ္ဍသည် ကော်ဖီစေ့နှင့်ပြည်တွင်း သောက်သုံးရန်အတွက် ထုတ်ကုန်များကိုသာ ထုတ်လုပ်ပြီး ပြည်ပပို့ကုန်တင်ပို့နိုင်မှု

အလွန်နည်းကြောင်း အချို့ကသုံးသပ်ထားပါသည်။ ကော်ဖီ သန့်စင်ဆေးကြောခြင်းတွင် အသုံးပြုသည့်စက်များနှင့် နည်းပညာများသည် ခေတ်မီခြင်းမရှိဘဲ စွမ်းဆောင်ရည်လည်းမရှိကြောင်း McKinnons (1950s) က သုံးသပ်ထားပါသည်။ အဆိုပါအခြေအနေသည် ရေရှားပါးသော ခြောက်သွေ့ရာသီတွင် အခက်အခဲဖြစ်လာနိုင်ပါသည်။

၂၃။ ရာသီအလိုက် ခူးဆွတ်ခြင်းနှင့် ရောင်းချရမများ အပေါ်မူတည်၍ မြန်မာ့ကော်ဖီ၏ ပြည်ပတင်ပို့မမှာ ၂၀၁၄ ခုနှစ်မှစ၍ တိုးတက်လာရာ မလေးရှား၊ စင်ကာပူ၊ တောင်ကိုရီးယားနိုင်ငံများသို့ အများဆုံးတင်ပို့ခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့်လည်းကောင်း အများအပြားတင်ပို့ခဲ့ပါသည်။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စုစုပေါင်း ပို့ကုန်တင်ပို့မ ၈၀ ရာခိုင်နှုန်းခန့်ရှိပြီး ၂၀၁၁ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ မြန်မာ့ကော်ဖီကို တရုတ်နိုင်ငံသို့ သင်္ဘောဖြင့် ကော်ဖီတင်ပို့မ စုစုပေါင်းပမာဏ ၉၂.၆ ရာခိုင်နှုန်း ရှိပါသည်။

၂၄။ တရုတ်နိုင်ငံ၏ နယ်စပ်ကော်ဖီ ပို့ကုန်ဈေးနှုန်းများသည် နိုင်ငံတကာကုန်စည်တန်ဖိုး ဈေးနှုန်းများအောက် ရောက်ရှိခဲ့ရာ နယ်စပ်ကုန်သွယ်မတွင် ၂၀၁၂ ခုနှစ်မှလွဲ၍ ဈေးနှုန်းများကျဆင်းခဲ့ပါသည်။ အဆိုပါကာလများတွင် နယ်စပ်ပို့ကုန်များအတွက် ပျမ်းမျှဈေးနှုန်းမှာ ကော်ဖီတစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ ၀.၈၅ ဖြစ်ပြီး ပြည်ပပို့ကုန်များအတွက် ကော်ဖီ

တစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ ၁.၀၆ နှင့် နှိုင်းယှဉ်ပါက လျော့နည်းနေပြီး ယင်းဈေးနှုန်းမှာ ယခုနိုင်ငံတကာကော်ဖီဈေးနှုန်း ဖြစ်သည့် ကော်ဖီတစ်ပေါင်လျင် အမေရိကန်ဒေါ်လာ ၁.၃၄ အောက်သို့လည်း လျော့နည်းလျက်ရှိပါသည်။

၂၅။ ထိုကဲ့သို့ ဈေးနှုန်းကွဲပြားမများကြောင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မ အများစုမှာ ကော်ဖီအရည်အသွေးအပေါ် အလေးအထားမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ အလားတူ လက်ရှိတွင် တရုတ်နိုင်ငံမှ ကော်ဖီဝယ်ယူသူများက အရည်အသွေးညံ့သော ကော်ဖီများကို ဈေးနည်းနည်းသာပေး၍ ဝယ်ယူလျက်ရှိကြသည်။ ထိုကဲ့သို့ အခြေအနေများရှိနေသော်လည်း အရည်အသွေးကို တန်ဖိုးထားသော နိုင်ငံတကာမှ ဝယ်ယူလိုသူများရှိပါသဖြင့် ၎င်းတို့နှင့် သဘောတူညီမများပြုလုပ်လျက် အရည်အသွေးမြင့် ကော်ဖီများကို ထုတ်လုပ်ရန် အလားအလာကောင်းများ ရှိနေပါသည်။ ယခင်အကဲဖြတ်ဆန်းစစ်မများအရ မြန်မာနိုင်ငံတွင် လက်ရှိသန့်စင်ဆေးကြော ထုတ်လုပ်လျက်ရှိသော ကော်ဖီများမှာ အထူးတန်းဝင် ကော်ဖီအဖြစ် တွင်ကျယ်စွာ ရောင်းချနိုင်ရန် လိုအပ်လျက်ရှိပြီး ထပ်မံ၍ အရည်အသွေးပိုင်းဆိုင်ရာ မြှင့်တင်ပြီး ဆောင်ရွက်မှုအခြေအနေမှာလည်း ကောင်းမွန်လျက်ရှိပါသည်။

**မြန်မာ့ကော်ဖီဈေးကွက်အလားအလာ**

၂၆။ ကုန်သွယ်ရေးဆိုင်ရာ အချက်အလက်များအရ မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ဧက ၅၀,၀၀၀ ကျော်ရှိပြီး ၉၀ ရာခိုင်နှုန်းမှာ

အာရေးဗီးကားဖြစ်ပြီး ကျန်ဧရိယာမှာ ရိုဘတ်စ်တာ ဖြစ်ပါသည်။ ကော်ဖီနှစ်စဉ် ထုတ်လုပ်မသည် တန်ချိန် ၉,၀၀၀ ခန့်သာ ရှိသော်လည်း လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း ကော်ဖီပိုကုန် တန်ဖိုးသည် သိသိသာသာမြင့်တက်လာခဲ့သည့်အတွက် ပိုကုန်ဝင်ငွေမှာ ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃ သန်းကျော် ထိရောက်ရှိခဲ့ပါသည်။

၂၇။ အာရေးဗီးကားကော်ဖီကို ရှမ်းပြည်နယ် ကုန်းမြင့်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အဓိကထုတ်လုပ်လျက်ရှိပြီး ရိုဘတ်စ်တာကော်ဖီကို ကရင်ပြည်နယ် တောင်ဘက်ရှိ မြေနိမ့်ပိုင်းဧရိယာများတွင် အများဆုံးစိုက်ပျိုးကြပါသည်။ မြန်မာနိုင်ငံသည် အရည်အသွေးမြင့် အာရေးဗီးကားကော်ဖီ ၉၀ ရာခိုင်နှုန်းနှင့် အခြား Robusta ကော်ဖီများကို စိုက်ပျိုးအောင်မြင်လျက်ရှိရာ ၂၀၁၅ ခုနှစ်ကတည်းက မြန်မာနိုင်ငံတွင် စတင်လာရောက်ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ အိမ်နီးချင်း လာအို၊ ထိုင်း နှင့် အိန္ဒိယနိုင်ငံတို့နှင့် မတူညီဘဲ Robusta ကော်ဖီများကို ပိုမိုတွေ့ရှိရပါသည်။ ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံအရှေ့ပိုင်းနှင့် ချင်းပြည်နယ်တို့မှ ပိုမိုများပြားစွာတွေ့ရှိရသော ကော်ဖီမျိုးစေ့နမူနာအချို့အား စတင်တွေ့ရှိခဲ့ပါသည်။ အရည်အသွေးမြင့် အာရေးဗီးကားကော်ဖီသည် ဈေးကွက်အလားအလာများစွာကြီးမားသော်လည်း လည်ပတ်မ ထုတ်လုပ်မအလွန်နည်းပါးပါသည်။

၂၈။ ကော်ဖီစိုက်ပျိုးထုတ်လုပ်သည့် စက်ရုံနေရာများ၊ ကော်ဖီစေ့သန့်စင်သည့် နေရာများနှင့် လုပ်သားပညာပေးရေး အစီအမံများစသည့် အခြေခံရင်းနှီးမြှုပ်နှံမများကို တစ်စိုက်မတ်မတ် ဆောင်ရွက်သွားခြင်းဖြင့် အလားအလာများစွာ ကြီးမားသော ကော်ဖီဈေးကွက်ကို တိုးချဲ့သွားရန်နှင့် အနာဂတ်တွင် အမည်ကောင်းနှင့် ရပ်တည်နိုင်မည့် ကော်ဖီအမျိုးအစားများကို ထုတ်လုပ်သွားနိုင်ရန် ဖြစ်ပါသည်။

**အနာဂတ်ကော်ဖီဈေးကွက်အလားအလာ**

၂၉။ ဒေသတွင်းနိုင်ငံတို၏ ကော်ဖီထုတ်လုပ်မှု အခြေအနေနှင့်မြန်မာနိုင်ငံ၏ အနာဂတ်ကော်ဖီဈေးကွက်အလားအလာအား အောက်ပါအတိုင်း တင်ပြအပ်ပါသည်-

(က) **ဗီယက်နမ်။** ဗီယက်နမ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲမများ (Doi Moi reforms) ၏ ရလဒ်တစ်ခုအဖြစ် ကုန်ထုတ်လုပ်မနှင့် ရင်းနှီးမြှုပ်နှံမမြင့်တက်လာခြင်းနှင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်လာခြင်းတို့မှတစ်ဆင့် ဗီယက်နမ်နိုင်ငံသည် ၁၉၉၀ ပြည့်နှစ်များတွင် ကော်ဖီစေ့ တစ်မျိုးဖြစ်သော ရိုဘတ်စတာ (Robusta)ကော်ဖီ အဓိကထုတ်လုပ်သူအဖြစ် ပေါ်ထွက်လာခဲ့ပါသည်။ ယင်းပြုပြင်ပြောင်းလဲမများသည် မြေယာပိုင်ဆိုင်မကို တိုးပွား

စေသကဲ့သို့ ပိုမိုမြင့်မားသော value-added sectors များသို့ ဦးတည်သည့် စိုက်ပျိုးရေး ကဏ္ဍထုတ်လုပ်မနှင့် ကဏ္ဍအလိုက် အသွင် ကူးပြောင်းမများတွင် သိသာထင်ရှားသည့် ပြောင်းလဲမများဖြင့် သွင်းကုန်နှင့် ထုတ်ကုန် ဈေးကွက်များအား ဖြေလျှော့ပေးခဲ့ပါသည်။ အဆိုပါ ပြုပြင်ပြောင်းလဲမများကြောင့် ဓာတ် မြေသြဇာဈေးနှုန်းများ ၅၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါသည်။ မြေယာပြုပြင်ပြောင်းလဲမ များသည် ကော်ဖီထုတ်လုပ်မအတွက် အရေး ကြီးနေရာတစ်ခုဖြစ်လာခဲ့သော တောင်ပေါ် ဒေသများသို့ အသုတ်လိုက်ပြောင်းရွှေ့ လုပ်ကိုင် မဆီသို့ ရောက်ရှိစေခဲ့ပါသည်။ ၂၀၁၇ ခုနှစ် စာရင်းအရ ဗီယက်နမ်နိုင်ငံသည် ကမ္ဘာပေါ် တွင် ကော်ဖီဒုတိယအများဆုံး ထုတ်လုပ်သည့် နိုင်ငံဖြစ်ပါသည်။ ဗီယက်နမ်နိုင်ငံ၏ အတွေ့ အကြုံသည် မြန်မာနိုင်ငံတွင် ကြုံတွေ့နိုင်ဖွယ် ရှိသည့်အရာများနှင့် အနည်းဆုံးအချက် ၃ ချက် ခန့်ကွဲပြားလျက်ရှိရာ ပထမအချက်မှာ ဗီယက်နမ်ကော်ဖီတွင် Robusta က လမ်းမိုး လျက်ရှိခြင်း၊ ဒုတိယအချက်မှာ ၁၉၉၄ ခုနှစ်တွင်

ကော်ဖီဈေးနှုန်းများ အတက်အကျသိသိသာသာ ပြောင်းလဲခဲ့ပြီး လက်ရှိကမ္ဘာ့ကော်ဖီဈေးအကျ ဘက်သိုရောက်ရှိနေစဉ်အတွင်း ဗီယက်နမ် ကော်ဖီသည် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိသော နည်းလမ်းတစ်ခုအဖြစ် ကမ္ဘာ့ဈေးကွက်ကို ဆွဲဆောင်နိုင်ခဲ့ခြင်း၊ တတိယအချက်မှာ ဗီယက်နမ်ကော်ဖီ ထုတ်လုပ်မတွင် နိုင်ငံ ရန်ပုံငွေ (သို) နိုင်ငံစုံ ရန်ပုံငွေများမှ ပံ့ပိုးမများ ပါဝင်မမရှိခြင်းဖြင့် ကမ္ဘာ့ကော်ဖီ အဆင့် အတန်းတစ်ခုကို ရယူနိုင်ခဲ့ခြင်းတို့ကြောင့်ဖြစ် ပါသည်။ ထိုအကြောင်းအရာများသည် ကော်ဖီ ထုတ်လုပ်မကဏ္ဍတွင် donor activity ကို ထည့်သွင်းစဉ်းစားသော မြန်မာနိုင်ငံနှင့် ကွဲပြား ခြားနားနေပါသည်။

( ခ ) **အင်ဒိုနီးရှား။** ကော်ဖီကို အင်ဒိုနီးရှားနိုင်ငံသို ဒတ်ချ်လူမျိုးများက စတင်မိတ်ဆက်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် စာရင်းအရ အင်ဒိုနီးရှားနိုင်ငံသည် ကော်ဖီထုတ်လုပ်မတွင် ကမ္ဘာ့စတုတအဆင့်၌ ရှိပါသည်။ ဗီယက်နမ်နိုင်ငံကဲ့သိုပင် အင်ဒိုနီးရှား ကော်ဖီအများစုသည် Robusta အမျိုးအစားဝင် ကော်ဖီများဖြစ်ပါသည်။ (အကြမ်းဖျင်းအားဖြင့်

ပိုကုန်၏ ၈၀ ရာခိုင်နှုန်း ရှိပါသည်)။ သို့ရာတွင် ဗီယက်နမ်နိုင်ငံနှင့် မတူညီသည့်အချက်မှာ ကော်ဖီစိုက်ပျိုးမြေများ၏ ၉၀ ရာခိုင်နှုန်းကျော်ကို မြေ ၁ ဟက်တာ မှ ၂ ဟက်တာစီသာ ပိုင်ဆိုင်လုပ်ကိုင်ကြသည့် အသေးစားစိုက်ပျိုးသူများက စိုက်ပျိုးထုတ်လုပ်ကြခြင်း ဖြစ်ပါသည်။ ယင်းအခြေအနေသည် ထုတ်လုပ်မပမာဏနှင့် အရည်အသွေးကို တည်ငြိမ်မအားနည်းစေပြီး နိုင်ငံတကာ ဈေးကွက် (၂၀၁၇ ခုနှစ်၊ အင်ဒိုနီးရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု)တွင် အင်ဒိုနီးရှားကော်ဖီ၏ ယှဉ်ပြိုင်နိုင်စွမ်းကို လျော့ကျစေခဲ့ပါသည်။ ၁၉၈၄ ခုနှစ်အစပိုင်းတွင် အင်ဒိုနီးရှားအစိုးရသည် ကော်ဖီပိုကုန်အတွက် ကော်ဖီစေ့များကို အပြစ်အနာအဆာများ ပေါ်မူတည်၍ အဆင့်(၆)ခုဖြင့် ခွဲခြားသည့် အရည်အသွေးစံနှုန်းတစ်ခုကို ချမှတ်အကောင်အထည်ဖော်ခဲ့ပါသည်။ ယင်းစံသတ်မှတ်ချက်များကို လက်ခံကျင့်သုံးခြင်းသည် အင်ဒိုနီးရှားနိုင်ငံမှ အရည်အသွေးမြင့် ကော်ဖီများကို ပမာဏတိုးမြှင့်တင်ပို့ရာတွင် အကူအညီ ဖြစ်နိုင်ဖွယ်ရှိပြီး နိုင်ငံ၏ အရည်အသွေးမြင့်တင်ရေး အစီ

အစဉ်များသည် အရည်အသွေးမီ ကော်ဖီကိုသာ ဝယ်လိုအားရှိသော နိုင်ငံများတွင် အရည်အသွေးနိမ့် ကော်ဖီများထုတ်လုပ်ခဲ့ခြင်းကြောင့် ဈေးကွက်ရှယ်ယာများ အရှုံးပေါ်နေသည့် အင်ဒိုနီးရှားနိုင်ငံ၏ ဂုဏ်သတင်းကို ပြောင်းလဲရန်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ယေဘုယျအားဖြင့် ယင်းအရည်အသွေးပြည့် စံချိန်စံနှုန်းများကို ကိုလံဘီယာနှင့် အီသီယိုးပီးယားနိုင်ငံတိုကဲ့သိုသော ကော်ဖီအဓိကထုတ်လုပ်သည့် နိုင်ငံများတွင် သုံးစွဲလေ့ရှိကြပါသည်။

၃၀။ ကမ္ဘာ့ကော်ဖီဝယ်လိုအားသည် ၁၉၉၀ ပြည့်နှစ်များကတည်းကပင် ၅၀ ရာခိုင်နှုန်း ကျော်မြင့်တက်ခဲ့ပြီး ဖြစ်ပါသည်။ ဥရောပနှင့် မြောက်အမေရိကတိုက်တိုသည် အကြီးမားဆုံး ကော်ဖီဈေးကွက်များအဖြစ် ဆက်လက်ရှိနေစဉ်တွင် ထွန်းသစ်စဈေးကွက်များ အထူးသဖြင့် တရုတ်နိုင်ငံ၏ ကော်ဖီဝယ်လိုအားမှာ မကြာသေးမီကာလအတွင်း သိသိသာသာ မြင့်တက်ခဲ့ပါသည်။ တရုတ်နိုင်ငံ၏ တစ်ဦးချင်း ကော်ဖီသောက်သုံးမမှာ အနည်းငယ်သာရှိနေသေးသော်လည်း ဂျပန်နိုင်ငံကဲ့သို စားသုံးမတိုးတက်ပြောင်းလဲခြင်းများရှိလာပါက တရုတ်နိုင်ငံ၏ ကော်ဖီဝယ်လိုအားသည်လည်း သိသိသာသာ တိုးတက်လာမည်ဟု မျှော်မှန်းထားပါသည်။

၃၁။ တရုတ်နိုင်ငံ၏ တစ်ဦးချင်း ကော်ဖီသောက်သုံးမနှုန်းသည် နည်းနေသေးသော်လည်း ကော်ဖီသောက်သုံးသည့် ဖြစ်ထွန်းစဈေးကွက်များမှာ ယေဘုယျအားဖြင့် အနာဂတ်တွင် ကော်ဖီဝယ်လိုအား တိုးမြှင့်ရန် အဓိကကျသော ဈေးကွက်များ ဖြစ်လာနိုင်ခြေရှိပါသည်။ ခြုံငုံသုံးသပ်ရပါက လွန်ခဲ့သည့်ဆယ်စုနှစ်နှစ်ခုကျော်ကတည်းကပင် ကော်ဖီတင်သွင်းသော နိုင်ငံများ၏ ကွဲပြားခြားနားမများရှိခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် ဒေသတွင်း ကော်ဖီစိုက်ပျိုးရန် အချက်အချာကျသည့် နေရာတစ်ခုဖြစ်ပြီး တစ်ဦးချင်း ကော်ဖီသောက်သုံးမှုများသော မြန်မာနိုင်ငံအတွက် ကမ္ဘာ့ကော်ဖီဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ရန် အချိန်အခါကောင်းဖြစ်ပါသည်။ အထူးသဖြင့် ဥရောပနှင့်မြောက် အမေရိက တိုက်တို့ရှိပြီးသား ဈေးကွက်များတွင် အရည်အသွေးမီသော သို့မဟုတ် အထူးကောင်းမွန်သော ကော်ဖီများ၏ ဝယ်လိုအားမှာ မြင့်တက်လျက်ရှိပါသည်။

၃၂။ အိမ်နီးချင်းနိုင်ငံများမှ လက်ရှိကော်ဖီဝယ်လိုအားသည် ယနေ့အရည်အသွေးမြင့် ကော်ဖီများ သောက်သုံးမလျော့နည်းခြင်းကို အစားထိုးလာနိုင်ဖွယ်ရှိပြီး သောက်သုံးသူများမှ အရသာအပြောင်းအလဲ ခံစားလာမများနှင့် ဒေသတွင်း ဝင်ငွေတိုးမြင့်လာမများကြောင့် ၎င်းတို့၏ ကြိုက်နှစ်သက်မများသည်လည်း အရည်အသွေး ပိုမိုကောင်းမွန်သော ကော်ဖီသောက်သုံးမဆီသို့ ပြောင်းလဲလာနိုင်ဖွယ်ရှိပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့

ကော်ဖီဈေးကွက်သည် အမေရိကန်ဒေါ်လာ ၁၀၂.၀၂ ဘီလီယံ တန်ဖိုးရှိပြီး ၂၀၂၁ – ၂၀၂၆ ခုနှစ်အတွင်း နှစ်စဉ်တိုးတက်မန္ဓန်း ၄.၂၈ ရာခိုင်နှုန်းသို့ ရောက်ရှိလာမည်ဟု ခန့်မှန်းထားကြသည်။ ဥရောပ၊ မြောက်အမေရိကနှင့် အာရှရှိအဓိက ကော်ဖီတင်သွင်း စားသုံးသည့် ဈေးကွက်မှာ ကိုဗစ်–၁၉ အကြပ်အတည်းကြားတွင် ရှိနေသည်။ အစိုးရများအနေဖြင့် လူချင်းခပ်ခွာခွာနေခြင်း၊ အပြင် ထွက်ရန် တားမြစ်ခြင်းစသည့် အစီအမံများကို ထုတ်ပြန်ထား သောကြောင့် ကော်ဖီဆိုင်များ၊ ကော်ဖီကြိတ်စက်များ၊ စား သောက်ဆိုင်များနှင့် အခြားအပြင်ဆိုင်များအတွက် ကြီးမားသော သက်ရောက်မများရှိနေပါသည်။ သို့သော်လက်ရှိ ကိုဗစ်ကပ်ရောဂါ ပြန့်ပွားမှုကြောင့် အိမ်အပြင်မထွက်ဘဲ အွန်လိုင်းမှတစ်ဆင့် ရောင်းဝယ်ဖောက်ကားမပုံစံသည် လက်လီရောင်းချသူများ၊ ကော်ဖီ ကြိတ်စက်ပိုင်ရှင်များနှင့် စားသုံးသူများကို လိုက်လျောညီထွေ ပြောင်းလဲမများပြုလုပ်ရန် တွန်းအားပေးနေပါသည်။ ဥပမာ အားဖြင့် Nestle SA ကဲ့သို့သော ကုမဏီများတွင် ကမ္ဘာတစ်ဝန်း အစားအသောက်နှင့် အဖျော်ယမကာ ထုတ်ကုန်များအတွက် လက်လီဝယ်လိုအား မြင့်တက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ ပထမသုံးလ ပတ်တွင် အော်ဂဲနစ်အုပ်စုရောင်းအား ၄.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ သည်ဟု ထုတ်ပြန်ထားသည်။ ကပ်ရောဂါကာလအတွင်း စားသုံး သူများအနေဖြင့် မရှိမဖြစ်လိုအပ်သော ပစ္စည်းများကို သိုလှောင် ထားကြသည့်အတွက် ကော်ဖီရောင်းအား တိုးတက်လာပါသည်။

၃၃။ ကော်ဖီဘူးများ (Coffee Capsules)၊ နှပ်သောက်ရသော ကော်ဖီထုပ်များ (Coffee Pods) နှင့် အသင့်ဖျော်ကော်ဖီများကဲ့သို အချိန်ကုန်သက်သာပြီး အိမ်တွင် ဖျော်ရလွယ်ကူသော ကော်ဖီပုံစံများသည် လူအများကြား (အထူးသဖြင့် မြောက်အမေရိကနှင့် အနောက်ဥရောပ) တွင် ရေပန်းစားလာပါသည်။ ဥပမာအားဖြင့် အမေရိကန်နိုင်ငံ၊ အမျိုးသားကော်ဖီအသင်း (The National Coffee Association)၏ သုတေသနတွေ့ရှိချက်အရ စားသုံးသူ ၇၀ ရာခိုင်နှုန်းသည် ကော်ဖီကို အိမ်တွင် ကိုယ်တိုင်ဖျော်သောက်ရသည်ကို ပိုမိုနှစ်သက်ကြကြောင်း တွေ့ရှိရပါသည်။ ကော်ဖီဈေးကွက်တွင် အသိအမှတ်ပြုလက်မှတ်ရ ကော်ဖီထုတ်ကုန်များ ဝယ်လိုအားများလာခြင်း၊ စားသုံးသူများအနေဖြင့် စက်ဖြင့် ကော်ဖီဖျော်သည့်စနစ် (Single-serve coffee brew systems)များကို လက်ခံလာကြခြင်းနှင့် ကော်ဖီဈေးကွက်တွင် ထိပ်တန်းဦးဆောင်သူများ၏ စဉ်ဆက်မပြတ် ဆန်းသစ်တီထွင်မများ အစရှိသည့်အကြောင်းအချက်များစွာက ကော်ဖီဈေးကွက်ကို မောင်းနှင်နေသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အချို့သောစားသုံးသူများသည် အရည်အသွေးနှင့် အရသာကြောင့် အသင့်ဖျော်ကော်ဖီသောက်သုံးခြင်းမှ ပိုမိုကောင်းမွန်သော အရာများကို ပြောင်းလဲရွေးချယ်ရန် မျှော်လင့်နေကြသည်။ ယခင်ကာလများတွင် အသင့်ဖျော်ကော်ဖီကို တန်ဖိုးမြင့်ထုတ်ကုန် (High-end product) အဖြစ် ယူဆခဲ့ကြသော်လည်း ၎င်း၏ ဈေးကွက်အခြေခံဖြစ်သည့်

ငယ်ရွယ်သော စားသုံးသူများကို လက်လတ်လာရခြင်းသည် ဈေးကွက်အလားအလာကို ပြောင်းလဲစေပါသည်။

**မြန်မာနိုင်ငံကော်ဖီစိုက်ပျိုးထုတ်လုပ်မကဏ္ဍ၏ အခွင့်အလမ်းများနှင့် အခက်အခဲများ**

၃၄။ မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးမှု အခြေအနေမှာ ကောင်းမွန်သောအနေအထားတွင် ရပ်တည်နေသော်လည်း မြန်မာ့ကော်ဖီကဏ္ဍသည်အစပျိုးအဆင့်မှ တိုးတက်ပြောင်းလဲရန်အတွက် အလားအလာရှိသော အနေအထား၌သာရှိနေဆဲ ဖြစ်ပါသည်။ ကော်ဖီကို ဒေသတွင်းနိုင်ငံများအတွင်း၌ ဝယ်လိုအား၊ လိုအပ်ချက်နှင့် သောက်သုံးမှုမြင့်မားလာခြင်းနှင့်အတူ အရည်အသွေးမြင့်သော အထူးတန်းဝင်ထုတ်ကုန်အဖြစ် ဖွံ့ဖြိုးပြီးဈေးကွက်များ၌ ရောင်းချရန် စိတ်ဝင်စားလျက်ရှိကြပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း ကော်ဖီစိုက်ပျိုးထုတ်လုပ်မကို တိုးချဲ့ဆောင်ရွက်သွားရန်အတွက် အခွင့်အလမ်းကောင်းများ ရှိနေပါသည်။ ထိုကဲ့သို့ အလားအလာရှိသော ဈေးကွက်လိုလားချက်နှင့် ဝယ်လိုအား အခြေအနေများကို ဖြည့်ဆည်းရန်အတွက် ပြည်တွင်းထုတ်လုပ်ရောင်းချမ၌ နည်းပညာ၊ ဘဏ္ဍာရေးနှင့် နိုင်ငံတကာမှ ဝယ်ယူလိုသူများနှင့် ချိတ်ဆက်ရန် အခက်အခဲနှင့် စိန်ခေါ်မများရှိနေပါသဖြင့် ယင်းတို့ကို ကျော်လွှားဖြေရှင်းဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။

၃၅။ မြန်မာ့ကော်ဖီကဏ္ဍသည် စီးပွားရေးအတွက် အခွင့်အလမ်းရှိသည်သာမက နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း များစွာအကျိုးပြုပါသည်။ ကော်ဖီပင်များ အဓိက ဖြစ်ထွန်းရာဒေသများ၏ သမိုင်းကြောင်းကို ကြည့်မည်ဆိုပါက တည်ငြိမ်မအားနည်းသည်ကို တွေ့ရပါသည်။ ယင်းဒေသများတွင် ကော်ဖီကဏ္ဍကို တိုးချဲ့ဆောင်ရွက်ပါက စီးပွားရေးအရ အကျိုးရှိမည်ဖြစ်ပြီး ဘိန်းပင်အပါအဝင်စိတ်ကို ပြောင်းလဲစေသာ မူးယစ်ဆေးဝါးများ တရားမဝင်စိုက်ပျိုးထုတ်လုပ်မကို ဟန့်တားပြောင်းလဲပေးနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသသည် အရည်အသွေးမြင့် အာရေးဗီးကားကော်ဖီမျိုးများ များစွာစိုက်ပျိုးထုတ်လုပ်ရန် အလားအလာကောင်းများ ပိုင်ဆိုင်ထားပါကြောင်း ကုလသမဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ ၂၀၀၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော အစီရင်ခံစာ၌ ဖော်ပြထားပါသည်။ အဆိုပါဒေသသည် ကော်ဖီစိုက်ပျိုးရန်အတွက် အမြင့်ပေ ၃၃၀၀ အထက်ရှိသော သင့်တော်ကောင်းမွန်သည့် မြေနီလွင်ပြင်များနှင့် မြေဆီလွှာကောင်းများရှိပါသည်။ မိုးရေချိန် ၅၉ လက်မ နှင့် ၇၉ လက်မအကြားရရှိပြီး ခြောက်သွေ့သော ရာသီဥတုမျိုးလည်း ရှိပါသည်။ ယင်းကဲ့သို့ အာရေးဗီးကားကော်ဖီ စိုက်ပျိုးရန်အတွက် လိုအပ်သော မြေမျက်နှာသွင်ပြင်၊ ရာသီဥတုသည် ခန့်မှန်းခြေအားဖြင့် မြောက်လတ္တီကျူ ၂၀ ဒီဂရီမှ ၂၄ ဒီဂရီ အကြားရှိရန် လိုအပ်ပါသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ အာရေးဗီးကာ

ကော်ဖီမျိုးကို ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အထူးစိုက်ပျိုးဖြစ်ထွန်းသည်ကို တွေ့ရှိရပါသည်။ တရားဝင် ထုတ်ပြန်ထားသော စာရင်းကိန်းဂဏန်းအချက်အလက်များအရ အဆိုပါ ကော်ဖီစိုက်ခင်းများကို ရှမ်းပြည်နယ်တွင် ၂၇,၀၀၀ ဧက၊ ကရင်ပြည်နယ်တွင် ၁၀,၀၀၀ ဧက၊ တောင်ပေါ်မြို့ဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် ဧက ၁၀,၀၀၀ ကျော်၊ ကချင်ပြည်နယ်တွင် ၁,၀၀၀ ဧကနှင့် ကယားပြည်နယ်တွင် ဧက ၇၀၀ ကျော် အသီးသီးစိုက်ပျိုးဖြစ်ထွန်းလျက်ရှိကြောင်း ဖော်ပြထားပါသည်။

၃၆။ ရာသီအလိုက် ခူးဆွတ်ရောင်းချမှုများအပေါ် မူတည်၍ ပြည်ပတင်ပို့မှာ ၂၀၁၄ ခုနှစ်မှစ၍ တိုးတက်လာပြီး မလေးရှား၊ စင်ကာပူ၊ တောင်ကိုးရီးယားနိုင်ငံများသို့ အများဆုံးတင်ပို့ရပါသည်။ မြန်မာ့ကော်ဖီ၏ နယ်စပ်ကုန်သွယ်ရေးပမာဏသည် များပြားပါသည်။ တရုတ်နိုင်ငံသို့ စုစုပေါင်း ပို့ကုန်တင်ပို့မ ၈၀ ရာခိုင်နှုန်း အောက်ရှိချိန်တွင် ၂၀၁၁ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ တရုတ်နိုင်ငံသို့ သင်္ဘောဖြင့် ကော်ဖီတင်ပို့မ စုစုပေါင်းပမာဏ ၉၂.၆ ရာခိုင်နှုန်းရှိပါသည်။ တရုတ်နိုင်ငံ၏ နယ်စပ်ကုန်သည်များထံ ပို့ကုန်အများအကြား ရောင်းချမဆိုင်ရာ ဈေးနှုန်းများသည် နိုင်ငံတကာကုန်စည် တန်ဖိုးဈေးနှုန်းများအောက် ရောက်ရှိခဲ့ပါသည်။ လေ့လာမများအရ ကော်ဖီနှင့်ပတ်သက်၍ နယ်စပ်ကုန်သွယ်မတွင် ၂၀၁၂ ခုနှစ်မှလွဲ၍ ဈေးနှုန်းများ ကျဆင်းခဲ့ပါသည်။ အဆိုပါ

ကာလများတွင် နယ်စပ်ပိုကုန်များအတွက် ပျမ်းမျှဈေးနှုန်းမှာ ကော်ဖီတစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ ၁.၈၅ ဖြစ်ပြီး ပြည်ပ ပိုကုန်များအတွက် ကော်ဖီတစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ ၁.၀၆ နှင့် နှိုင်းယှဉ်ပါက လျော့နည်းနေပြီး ယင်းဈေးနှုန်းမှာ ယခု နိုင်ငံတကာကော်ဖီ ဈေးနှုန်းဖြစ်သည့် ကော်ဖီတစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ ၁.၃၄ အောက်သို့ လျော့နည်းလျက်ရှိပါသည်။ ထိုကဲ့သို့ ဈေးနှုန်းကွဲပြားမှုများကြောင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မ အများစုမှာ ကော်ဖီအရည်အသွေးအပေါ် အလေးမထားမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ အလားတူလက်ရှိတွင် တရုတ်နိုင်ငံမှ ကော်ဖီဝယ်ယူသူများက အရည်အသွေးညံ့သော ကော်ဖီများကို ဈေးနည်းနည်းသာပေး၍ ဝယ်ယူလျက်ရှိကြသည်။ ထိုကဲ့သို့ အခြေအနေများရှိနေသော်လည်း အရည်အသွေးကို တန်ဖိုးထား သော နိုင်ငံတကာမှ ဝယ်ယူလိုသူများရှိပါသဖြင့် ၎င်းတို့နှင့် သဘောတူညီမှုများ ပြုလုပ်လျက် အရည်အသွေးမြင့် ကော်ဖီ များကို ထုတ်လုပ်ရန် အလားအလာကောင်းများ ရှိနေပါသည်။ ယခင်အကဲဖြတ် ဆန်းစစ်မများအရ မြန်မာနိုင်ငံတွင် လက်ရှိ သန့်စင်ဆေးကြောထုတ်လုပ်လျက်ရှိသော ကော်ဖီများမှာ အထူး တန်းဝင်ကော်ဖီအဖြစ် တွင်ကျယ်စွာရောင်းချနိုင်ရန် လိုအပ်လျက် ရှိပြီး ထပ်မံ၍ အရည်အသွေးပိုင်းဆိုင်ရာမြှင့်တင်ပြီး ဆောင်ရွက်မ အခြေအနေမှာလည်း ကောင်းမွန်လျက်ရှိပါသည်။

**ကန့်သတ်ချက်များနှင့် ဖြစ်နိုင်ချေရှိသော ဖြေရှင်းမှုများ**

၃၇။ မြန်မာနိုင်ငံရှိ ကော်ဖီစိုက်ပျိုးသည့် တောင်သူများ အနေဖြင့် အမျိုးမျိုးသော ကန့်သတ်ချက်များနှင့် ကြုံတွေ့နေရသည်။ စိုက်ပျိုးရေးဆိုင်ရာ ကောင်းမွန်သည့် လက်တွေ့ဆောင်ရွက်ရမည့်ကိစ္စများအား နားလည်သဘောပေါက်မှု အားနည်းခြင်းကြောင့် ထုတ်လုပ်မှုစွမ်းအား လျော့နည်းခြင်းကဲ့သို့သော ကန့်သတ်ချက်များရှိကြောင်းကို မှတ်တမ်းများအရ သိရှိရသည်။ အခြားကန့်သတ်ချက်များအနေဖြင့် ဈေးကွက်ရရှိနိုင်မှု ခက်ခဲခြင်းနှင့် မြေယာဈေးကွက်၏ မသေချာမှုများနှင့်ပတ်သက်၍ သိရှိနားလည်မှု အားနည်းခြင်းတို့ကိုလည်း တွေ့ရှိရသည်။ အနာဂတ်ကာလတွင် ကော်ဖီစိုက်ပျိုးမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အဆိုပါ ကန့်သတ်မှုများကို မည်သည့်အတိုင်းအတာအထိ ပယ်ဖျက်နိုင်မည်ဆိုသည့် ပမာဏအပေါ်မူတည်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်နိုင်ရန် ထုတ်လုပ်သူများမှ ဈေးကွက်ရှာဖွေသူများ၊ ရောင်းချသူများစသည်ဖြင့် အဆင့်ဆင့်တန်ဖိုးကွင်းဆက်တစ်ခုလုံးတွင် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ရမည်ဖြစ်သည်။

**နည်းပညာနှင့် အခြေခံအဆောက်အအုံများ**

၃၈။ စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်းများ ဆောင်ရွက်ရာတွင် လက်ရှိထုတ်လုပ်မနည်းပညာများမှာ သမာရိုးကျနည်းလမ်းများအပေါ် မှီခိုလျက်ရှိခြင်းကြောင့် အထွက်နှုန်းနည်းပါးခြင်း၊ အရည်အသွေးနိမ့်ကျခြင်း၊ ရိတ်သိမ်းချိန်တွင် လေလွင့်မများ

ဖြစ်ပေါ်ခြင်းစသည့်ရလဒ်များထွက်ပေါ်လျက်ရှိသည်။ ရိတ်သိမ်းချိန် အလွန်ကာလများတွင် ပစည်းသိုလှောင်မနည်းစနစ် မမှန်ကန်မ ကြောင့် အရည်အသွေးကို ထိခိုက်စေခြင်း၊ လုံလောက်သည့် အခြောက်ခံမမရှိခြင်းကြောင့် ကော်ဖီစနစ်တကျထုတ်လုပ်သည့် လုပ်ငန်းစဉ်တွင် ခက်ခဲရှုပ်ထွေးမှုများ ဖြစ်ပေါ်စေပါသည်။ စိုက် ပျိုးရေ လုံလောက်စွာ မရရှိခြင်းသည်လည်း ထုတ်လုပ်မှုနည်း ပညာဆိုင်ရာအားနည်းမှုကို ဖြစ်ပေါ်စေပြီး ထုတ်လုပ်မှုလုပ်ငန်း စဉ်အတွက် စရိတ်ကုန်ကျမှုကို ပိုမိုဖြစ်စေပါသည်။ ထို့ပြင် ကော်ဖီစိုက်ပျိုးသည့် ဒေသများတွင် လျှပ်စစ်ဓာတ်အားမရရှိခြင်းနှင့် လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်း စသည်တို့ကိုတွေ့ရှိရပါသည်။

**အသေးစားထုတ်လုပ်မှုများ**

၃၉။ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် မန္တလေးတိုင်းရှိ အချို့ ဒေသများတွင် ကိုယ်ပိုင်စိုက်ပျိုးခြင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းရှိ လယ်မြေပိုင်ဆိုင်မှုနည်းပါးသည့် တောင်သူများ၏ ထွန်ယက် စိုက်ပျိုးခြင်းများတွင် မတူညီသည့်စိန်ခေါ်မှု ရှိနေပါသည်။ လယ် မြေပိုင်ဆိုင်မှုနည်းပါးသည့် တောင်သူများအနေဖြင့် မြေယာ ဈေးနှုန်းများကြီးမြင့်ခြင်းနှင့် မြေယာထိန်းသိမ်းမှု မှတ်တမ်းများ အားနည်းခြင်းတို့ကြောင့် စိုက်ပျိုးနိုင်သည့် မြေများချဲ့ထွင်ရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် တောင်သူများအကြား စုပေါင်းဆောင်ရွက်မှုအားနည်းခြင်းသည် ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာမှုကို အကန့်အသတ် ဖြစ်ပေါ်

စေသည်။ ထို့ပြင် ရာသီကြိုကာလရင်းနှီးမြှုပ်နှံမှုနှင့် ချေးငွေရယူနိုင်မှုအခြေအနေများသည် စိုက်ပျိုးသူများနှင့် ဈေးကွက်ရှာဖွေသူများအတွက် ခက်ခဲလာကြောင်း တွေ့ရှိရသည်။

**တန်ဖိုးကွင်းဆက်များ**

၄၀။ နောက်ဆုံးအနေဖြင့် စိုက်ပျိုးသူများနှင့် စားသုံးသူများအကြား တန်ဖိုးကွင်းဆက်ချိတ်ဆက်မများ တိုးတက်မတွင်အားနည်းလာပါသည်။ တောင်သူများအကျိုးအမြတ်ရရှိမှု သေချာစေရေးအတွက် တန်ဖိုးကွင်းဆက်များ အားကောင်းရန်မှာ မရှိမဖြစ်အရေးပါပြီး ဈေးကွက်စုစည်းဆောင်ရွက်ခြင်းမှ ပိုမိုကျယ်ပြန့်သည့် ဈေးကွက်များအတွင်းဝင်ရောက်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ကော်ဖီပိုကုန်ကဏ္ဍ တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ ဈေးကွက်ရှာဖွေသူများအကြား ယှဉ်ပြိုင်မမြင့်မားနေစဉ်အတွင်း၌ အရည်အသွေးရှိသည့် ကော်ဖီစိုက်ပျိုးခြင်းအတွက် လက်လီဈေးနှုန်း တန်ဖိုးအနည်းငယ် မြင့်တက်နေမည်ဖြစ်သည်။ ရှုထောင့်တစ်ခုအနေဖြင့် ဈေးကွက်ရှာဖွေသူများအကြားယှဉ်ပြိုင်မမြင့်မားခြင်းသည် တောင်သူများအတွက် အကျိုးအမြတ်ရရှိနိုင်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါကိစရပ်သည် တောင်သူများထံသို ဈေးနှုန်းကမ်းလှမ်းမများ မြင့်တက်လာနိုင်သောကြောင့် ဖြစ်သည်။ သို့ရာတွင် ယှဉ်ပြိုင်မ ပိုမိုပြင်းထန်လာပါက အမြတ်ရရှိနိုင်မှု အခြေအနေအား တဖြည်း

ဖြည်းပျက်စီးစေသဖြင့် ဈေးကွက်ရှာဖွေသူများအနေဖြင့် စိုက်ပျိုးသူများနှင့် အနီးကပ်ချိတ်ဆက်ဆောင်ရွက်လိုသည့် ဆန္ဒများ လျော့နည်းသွားနိုင်မည် ဖြစ်ပါသည်။

**ယှဉ်ပြိုင်မနိုင်ပို့ကုန်**

၄၁။ ကြီးမားသည့်လုပ်ငန်းများ၏ လုပ်ငန်းခွဲများအကြားနှင့် ကိုလံဘီယာရှိ Nespresso ကဲ့သိုသော ကော်ဖီစိုက်ပျိုးရောင်းချသည့် အချို့ဒေသများတွင် ပိုကုန်ကဏ္ဍအား အဓိကဦးတည်ဆောင်ရွက်မှုသည် စိုက်ပျိုးသူများနှင့် ဈေးကွက်ရှာဖွေသူများအကြား ခိုင်မာသည့် ရင်းနှီးဆက်ဆံရေးကို ဖြစ်ပေါ်စေခဲ့သည်။ အဆိုပါ ခိုင်မာသည့်ရင်းနှီးဆက်ဆံရေးသည် စက်ရုံများသို ရာသီကြိုကာလလိုအပ်သည့် ငွေရေးကြေးရေးဆိုင်ရာကိစရပ်များအား ဈေးကွက်ရှာဖွေသူများမှ ဖော်ဆောင်ပေးသကဲ့သို အခြားသာဓကများအနေဖြင့် စိုက်ပျိုးမှုမှထွက်ရှိသည့် ကုန်စည်များကို ဈေးကွက်ရှာဖွေသူများမှသာ ရရှိနိုင်ခြင်းစသည့် စုစည်းဆောင်ရွက်မ ရလဒ်များရရှိနိုင်မည် ဖြစ်ပါသည်။

**အရည်အသွေး**

၄၂။ တန်ဖိုးကွင်းဆက်များသည် ခိုင်မာသည့် ရင်းနှီးဆက်ဆံရေးများ ဖော်ဆောင်ပေးသကဲ့သို အရည်အသွေးမြှင့်တင်ရေးတွင် တွန်းအားပေးမတစ်ရပ်လည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် စံသတ်မှတ်ထားသည့် ဈေးနှုန်းအထက် ဈေးကောင်းရရှိနိုင်သည့် အရွယ်အစားရှိသော အရည်အသွေးကောင်းမွန်သည့်

ကော်ဖီစိုက်ပျိုးရန် အကောင်းဆုံးအနေအထားတွင် ရှိသည်။ တောင်သူများကို အရည်အသွေးကောင်းမွန်သည့် ကော်ဖီစိုက်ပျိုးခြင်းတွင် ရင်းနှီးမြှုပ်နှံနိုင်ရန် သင်တန်းများပေးခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့မပေးခြင်းများကို ပေါင်းစပ်ဆောင်ရွက်ရန် မကြာခဏ လိုအပ်သည်။ ကော်ဖီ၏ အရည်အသွေးသည် စိုက်ပျိုးသည့် နည်းစနစ်များ၊ ရိတ်သိမ်းပြီးနောက် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များနှင့် စက်ရုံတွင် သီးနှံကြိတ်ခွဲမ လုပ်ငန်းစဉ်များပေါ်တွင် အဆုံးအဖြတ်ပေးသည်။

**ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ**

၄၃။ ကိုလံဘီယာရှိ အရည်အသွေးထိန်းသိမ်းရေး အစီအစဉ်မှ အထောက်အထားများအရ ကော်ဖီကဏ္ဍတွင် အရည်အသွေးမြှင့်တင်ခြင်း အစီအစဉ်ကို ပြည်ပဝယ်ယူသူမှ အကောင်အထည်ဖော်ခဲ့ပြီး တောင်သူများမှ ထွန်ယက်စိုက်ပျိုးမ အရည်အသွေးများ တိုးတက်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ရန် တိုက်တွန်းခဲ့သည်။ အစီအစဉ်မှ တောင်သူများ၏ ထုတ်လုပ်မများကို စံသတ်မှတ်ထားသည့် အရည်အသွေးပြည့်မီသည်ဟု ယူဆ၍ ဈေးနှုန်းကောင်းများရွေး၍ ဝယ်ယူရန် ကတိပေးခဲ့သည်။ တောင်သူများမှအစီအစဉ်သို့ ရောင်းချရန် တောင်းဆိုခြင်းမခံခဲ့ရသဖြင့် အဆိုပါအခြေအနေသည် ဝယ်သူများအတွက် တောင်သူများနှင့် ခိုင်မာအားကောင်းသည့် ရင်းနှီးမြှုပ်နှံမှုများရရှိပြီး ရှေ့ဆက်ဆောင်ရွက်နိုင်သည့် အခြေအနေများလည်း ရရှိစေသည်။ အဆိုပါ

အစီအစဉ်တွင်ပါဝင်သည့် တောင်သူများသည် အရည်အသွေးကောင်းမွန်သည့် ကော်ဖီများအတွက် မြင့်မားသည့် ဝယ်လိုအား၏ တစ်ဝက်ထက်ပိုမိုသည့် ပမာဏနီးပါးကို ပြည့်မီစွာ ထုတ်လုပ်နိုင်ခြင်းကြောင့် ဆုပေးအပ်ခြင်းခံရကြောင်း အထောက်အထားများတွင် ဖော်ပြထားသည်။

**စည်းမျဉ်း**

၄၄။ တန်ဖိုးကွင်းဆက်တစ်လျှောက် အဓိကအဆင့်များတွင် ရင်ဆိုင်ရသည့် ကန့်သတ်ချက်များ ဖြေရှင်းခြင်းသည် မြန်မာနိုင်ငံအနေဖြင့် အနာဂတ်ကာလ၌ ကော်ဖီချဲ့ထွင် စိုက်ပျိုးခြင်းအတွက် အရေးကြီးသည့်ကိစ္စရပ်ဖြစ်လာမည် ဖြစ်သည်။ စိုက်ပျိုးသူများနှင့် စားသုံးသူများအကြား တန်ဖိုးကွင်းဆက်အတွက် အလယ်ပိုင်းရှိ ဈေးကွက်ရှာဖွေသူများ၏ စည်းမျဉ်းများကို ဂရုပြုဆောင်ရွက်စေ၍ သေချာခိုင်မာသည့် စာချုပ်များဖြင့် ဆောင်ရွက်နိုင်စေရန် ကူညီရမည်ဖြစ်သည်။ ဖြစ်နိုင်ချေမရှိသည့်နေရာများတွင် ပြိုင်ဆိုင်မလျော့ကျသည့် အချိန်များ၌ပင် နိုင်ငံတကာဝယ်ယူသူများ (သို့မဟုတ်) ဈေးကွက်ရှာဖွေသူများရရှိလာပါက တောင်သူများအတွက် အကျိုးအမြတ်ယူဆောင်လာနိုင်မည် ဖြစ်သည်။ ပဋိပက္ခနယ်မြေများတွင် ထိန်းချုပ်ကန့်သတ်မများရှိခြင်း၊ မြေပြင်အခြေအနေလုံခြုံရေးအားနည်းခြင်း၊ စာချုပ်ပါအတိုင်း လိုက်ပါဆောင်ရွက်မှုအားနည်းခြင်း၊ ချေးငွေရရှိနိုင်မှုမရှိသလောက်နည်းပါးခြင်း၊ အခြေခံအဆောက်အအုံများ အားနည်းခြင်း စသည်တို့ကို ရင်ဆိုင်

နေရပါသည်။ ဗဟိုအစိုးရ၏ စီရင်ချက်နယ်ပယ်ပြင်ပရှိ တိုင်းပြည်၏ အစိုင်ခဲကြီးမားသည့် ပဋိပက္ခများ ဖြစ်ပွားနေခြင်းသည် မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်မတွင် ထိလွယ်ရှလွယ် ဖြစ်စေသည့် အဓိကဖိအားတစ်ခုဖြစ်သည်။ (ထိခိုက်လွယ်သည့်နယ်မြေများတွင် တရားဝင်မဟုတ်သော၊ ဥပဒေအရ) တားမြစ်ထားသည့် လုပ်ငန်းများနှင့် ကုန်သွယ်မများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို ဆောင်ရွက်နေမများကို မူးယစ်ဆေးဝါးများ ထုတ်လုပ်ရောင်းချခြင်းနှင့် သဘာဝသံယံဇာတ အရင်းအမြစ်များကို တရားမဝင်နည်းလမ်းဖြင့် ကုန်သွယ်မအများအပြား ဆောင်ရွက်နေခြင်းများအရ သိသာထင်ရှားစွာတွေ့မြင်ရပါသည်။ မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးရန်သင့်တော်သည့် ဧရိယာများသည် ပဋိပက္ခဖြစ်ပွားရာနေရာများနှင့် စပ်လျဉ်း၍ ဆက်စပ်လျက်ရှိပြီး အဆိုပါနေရာများသည် ယခင်ကာလများ သိုမဟုတ် လက်ရှိအချိန်များတွင် အငြင်းပွားမှုများ ဖြစ်ပေါ်နေသည့် ဒေသများတွင် တည်ရှိနေပါသည်။ အဆိုပါဒေသများတွင် ရှမ်းပြည်နယ်သည် ထင်ရှားသည့် သာဓကဖြစ်ပြီး မူးယစ်ဆေးဝါး ထုတ်လုပ်ရန်အတွက် ဘိန်းစိုက်ခင်းများ တရားမဝင် စိုက်ပျိုးဖြစ်ထွန်းနေသည်ကို တွေ့ရှိရပါသည်။ ဘိန်းစိုက်ပျိုးသည့် မြေပိုင်ဆိုင်မနည်းသည့် တောင်သူများမှာ မြေယာသိမ်းဆည်းခံရခြင်း သိုမဟုတ် ဖျက်ဆီးခြင်းနှင့် ခြောက်လှန့်ခံရခြင်းစသည့် ဆုံးရှုံးနိုင်ချေရှိသော ကိစ္စရပ်အလားအလာများနှင့် ကြုံတွေ့ကြရသည်။

၄၅။ ကော်ဖီစိုက်ပျိုးခြင်းသည် ဘိန်းအစားထိုး စိုက်ပျိုးနိုင်ရေးအတွက် ဆွဲဆောင်မရှိသော နည်းလမ်းတစ်ခုအဖြစ် အလားအလာကောင်းမွန်သည့် အစီအစဉ်ကောင်းဖြစ်သော်လည်း မူးယစ်ဆေးအစားထိုးအစီအစဉ်များ၏ အောင်မြင်မှု မှတ်တမ်းအထောက်အထားများအရ အချို့နေရာများတွင် ရောထွေးမများ ရှိနေပါသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

**Reference**

(1) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (နှစ်ချုပ်အစီရင်ခံစာ) ၂၀၂၃ - ၂၀၂၄ ။

(2) Report of USDA Link, USDA Foreign Agriculture Service, U.S Department of Agriculture, Data and Department of Agriculture, Data and Analysis, 2024 – 2025 , Index Mundi – 2024.

(3) Siddhartha Basu, Tim Dobermann, and Rocco Macchiavello : International Growth center, Policy Brief, 2019.

(4) ပြည်ပတင်ပို့မစာရင်းများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ (Trade Data)၊ Customs Data ၊ ၂၀၁၈-၂၀၁၉၊ ၂၀၁၉-၂၀၂၀၊ ၂၀၂၀-၂၀၂၁၊ ၂၀၂၁-၂၀၂၂ ၊ ၂၀၂၂-၂၀၂၃၊ ၂၀၂၃-၂၀၂၄ ၊ ၂၀၂၄-၂၀၂၅ ။